# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၈၆)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် ၊ ၂၀-၉-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)



ဒုတိယသမ္မတ ဦးညိုစော ကွမ်တုန်းပြည်နယ် ကွမ်ကျိုးမြို့တော်ဝန် မစ္စတာ စွန်းကျီယန်အား လက်ခံတွေ့ဆုံစဉ်။

## ဒုတိယသမ္မတ ဦးညိုစော ချင်းကျိုးမြို့ရှိ ဖျင်လုတူးမြောင်းနှင့် အလိုအလျောက်စနစ်သုံး ကွန်တိန်နာဆိပ်ကမ်းတို့ကို ကြည့်ရှုလေ့လာပြီး ကွမ်ကျိုးမြို့တော်ဝန်အား လက်ခံတွေ့ဆုံ

ကွမ်ကျိုး စက်တင်ဘာ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့သို့ရောက်ရှိပြီး ကွမ်တုန်းပြည်နယ် ကွမ်ကျိုးမြို့တော်ဝန် မစ္စတာ စွန်းကျီယန်အား လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို စက်တင်ဘာလ(၂၈)ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ကို စက်တင်ဘာလ (၂၈) ရက်မှ အောက်တိုဘာလ(၁၆)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အောက်ပါ တက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

စာမျက်နှာ ၄ သို့ ❋

## ဖုန်း CPU ပြုပြင်တပ်ဆင်နည်း ကျွမ်းကျင်မှုပြိုင်ပွဲ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံတွင် ဖုန်း CPU ပြုပြင်တပ်ဆင်နည်းနှင့် ပတ်သက်သည့် ကျွမ်းကျင်မှုပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမိုဘိုင်းဖုန်းလုပ်ငန်းရှင်များအသင်း (MMIA)အသင်းထံမှ သိရသည်။


အဆိုပါ ပြိုင်ပွဲတွင် ဖုန်း CPU ပြုပြင်တပ်ဆင်ရာ၌ လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အခြေခံ၍ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် သတ်မှတ်ထားသည့် အသင်းထံသို့ လာရောက်စာရင်းပေးသွင်း၍ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ နည်းပညာကျွမ်းကျင်သူများအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပါက အဆင့်တစ်ခု ရရှိနိုင်သည့် အရည်အချင်းရှိသော်လည်း ပြည်ပပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အနေအထားမှာ အားနည်းလျက်ရှိပြီး နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံလည်း နည်းပါးလျက်ရှိကြောင်း မြန်မာနိုင်ငံမိုဘိုင်းဖုန်းလုပ်ငန်းရှင်များအသင်း (MMIA) အသင်းနည်းပညာဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ကြောင့် ပြည်တွင်းရှိ ဖုန်းပြုပြင်နည်းပညာရှင်များနှင့် လူငယ်များအနေဖြင့် မိမိတို့၏ နည်းပညာကျွမ်းကျင်မှုများကို စမ်းသပ်နိုင်ရန်၊ နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လိုအပ်သည့် အတွေ့အကြုံများ ရရှိလာစေရန်နှင့် မိမိကိုယ်ကို ယုံကြည်မှု ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ကျွမ်းကျင်မှုပြိုင်ပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဂ)

ဝ-ဝ-ဝ-ဝ-ဝ




## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၉

**လေဖိအားနည်းရပ်ဝန်းအခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

**နောက် ၉၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းသို့ ရောက်ရှိနိုင်ကာ နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာပြီး

စာမျက်နှာ ၄ သို့ ❋

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၂၀ ရက် ၊ တနင်္ဂနွေနေ့။

# ဝါးသယံဇာတအရင်းအမြစ်များ ရေရှည်ထုတ်လုပ်အသုံးချနိုင်ရေးဆောင်ရွက်လျက်ရှိ

ဝါးသယံဇာတသည် စီးပွားရေးအရ အကျိုးများစွာ ပေးသည်ကို လူအများသိရှိနိုင်ရန်၊ ဝါးကို အခြေခံသည့် စက်မှု၊ လက်မှုလုပ်ငန်းများကို မြှင့်တင်ပေးရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဝါးကို ရေရှည်တည်တံ့အောင် စနစ်တကျအသုံးပြုနိုင်ရန်နှင့် ပြည်သူများအကြား နိုးကြားသည့် အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်ပြီး စက်တင်ဘာ ၁၈ ရက်နေ့ကို ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အဖြစ် ကျင်းပရခြင်းဖြစ်သည်။

ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနားကိုရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက အခမ်းအနား၌ ပြောကြားရာတွင် "ယခုနှစ် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့၏ ဆောင်ပုဒ်မှာ ဝါးကဏ္ဍ ဘက်စုံမြှင့်တင်ဖို့ နယ်ပယ်သစ်များ ချဲ့ထွင်စို့ Bamboo Beyond Bordersဖြစ်ပြီး မိရိုးဖလာ၊ ရိုးရာအသုံးအဆောင်များမှ ခေတ်မီ၍ အရည်အသွေး၊ စံချိန်စံညွှန်းများ တိုးတက်အောင် ပြုလုပ်ပြီး နိုင်ငံတကာဈေးကွက်ဝင် တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ဖော်ဆောင်ခြင်း၊ သစ်တောထွက်ပစ္စည်း တစ်မျိုးအဖြစ်သာမက အစိမ်းရောင် စီးပွားရေး(Green Economy)၊ ပတ်လည်စီးပွားရေး (Circular Economy)၊ ဇီဝစီးပွားရေး (Bioeconomy)၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတို့နှင့် ချိတ်ဆက်အသုံးချခြင်း၊ ဆန်းသစ်တီထွင်ပြီး ဝါးကိုအသုံးချနိုင်မည့် နယ်ပယ်သစ်များ ဖော်ထုတ်ခြင်းဟု အဓိပ္ပါယ်ရကြောင်း" ပြောကြားသည်။

မြန်မာနိုင်ငံသည် ဝါးပျံ့နှံ့ပေါက်ရောက်သော ဧရိယာအများဆုံးနိုင်ငံများအနက် တတိယအဆင့်ရှိသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဝါးထုတ်လုပ်မှုမှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင်ဖြစ်သော ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုသည့်အပြင် ဝါးသည် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်စေသည့် သဘာဝအရင်းအမြစ်ဖြစ်ပြီး သစ်တောများ ပြန်လည်ထူထောင်ရေးနှင့် ရေဝေရေလဲ ထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုပါကြောင်း၊ သုတေသနတွေ့ရှိချက်များအရ ဝါးသည် အခြားသစ်ပင်များထက် အောက်ဆီဂျင်ကို ၃၅ ရာခိုင်နှုန်း ပိုမိုထုတ်လွှတ်ပေးပါကြောင်း၊ ဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝါးထုတ်ယူရာတွင် သဘာဝတောများမှ ထာဝစဉ်တည်တံ့စေသော စီမံအုပ်ချုပ်မှုနည်းစနစ်များကို အခြေခံပြီး ဆောင်ရွက်ရန်၊ အရည်အသွေးကောင်းသည့် ဝါးမျိုးစိတ်များဖြင့် ဝါးစိုက်ခင်းများ စနစ်တကျ တည်ထောင်စိုက်ပျိုးသွားရန်လိုကြောင်း ပြောကြား ခဲ့သည်။

ဝါးသယံဇာတအရင်းအမြစ်များ ရေရှည်ထုတ်လုပ်အသုံးချနိုင်ရေး အထောက်အကူပြုစီမံချက်၊ ဝါးအခြေခံစက်မှု၊ လက်မှုထုတ်ကုန် ပစ္စည်းများဖွံ့ဖြိုးရေး၊ မျှစ်အခြေခံထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးရေးနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်မြှင့်တင်ရေးတို့ကို တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ဆွေးနွေးခဲ့သည်။

ဝါးသယံဇာတအရင်းအမြစ်များ ရေရှည်ထုတ်လုပ်အသုံးချနိုင်ရေးဝါးကိုအခြေခံသည့်MSMEလုပ်ငန်းများကို မြှင့်တင်သွားရန်၊ သုတေသန၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများပေါင်းစပ်ပြီး အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန်၊ ဝါးစိုက်ပျိုးသူများနှင့် ဒေသခံပြည်သူများအား နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်ပေးသွားရန်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သမိုင်းဝင်ပေါင်တော်ဦးစေတီတော် ပုဒ္ဒပူဇနီယပွဲတော်နှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၉**

မိတ္ထီလာမြို့(၁၄၃)ကြိမ်မြောက်သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားနှင့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဦးစွာ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်နှင့် စေတီတော်အတွင်းရှိ စကြာမုန့ိ ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်းကို အဆိုပါစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများက ဆောင်ရွက်သည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီး ၁၀ပါးထံသို့ အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီး ပဌမကျော်ဓမ္မာစရိယ တိုက်သစ်ကျောင်းတိုက်ဦးစီးပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သီလာစာရထံမှငါးပါးသီလတရားတော်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံမှ ရေစက်ချတရားတော်များကို နာယူကြသည်။ ၎င်းနောက်(၁၄၃)ကြိမ်မြောက်သမိုင်းဝင်ဖောင်တော်ဦးစေတီတော်ဗုဒ္ဓပူဇနီယပွဲတော်အား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ နယ်မြေခံတပ်မတော် ဆေးရုံမှ ဗိုလ်မှူးချုပ် ထွန်းထွန်းအောင်နှင့် မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးကြီး အောင်စည်ဖြိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲဖွင့် ပွဲအခမ်းအနားကို ပြိုင်ပွဲဝင်လှေအသင်းများ၏ လက်ရည်စမ်းယှဉ်ပြိုင် လှော်ခတ်မှုကို တာဝန်ရှိသူများ၊ ဘုရားပွဲတော်လာရောက်ပတ်သူများနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၄၅၃)

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စံပြ(၅)ရပ်ကွက်၊ အင်းခရမဂ္ဂင်ရိပ်သာရှိ သံဃာတော်အရှင်သူမြတ်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါရိပ်သာဝန်းတွင်းရှိ မိုးမြင့်စံကျော် ဓမ္မဗိမာန်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေး အဖွဲ့က သံဃာတော်(၄၅)ပါး၊ ဒေသခံပြည်သူ (၉၄)ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ် ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်း ဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက် ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝ၃၈)



## မန္တလေးမြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၃၀ ဦးကျော် စုပေါင်းသွေးလှူဒါန်း



**မန္တလေး စက်တင်ဘာ ၁၉**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့မှူး ဇော်နိုင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအပါအဝင် ၃၀ ဦးကျော် သွေးလှူဒါန်းခဲ့ရာ သွေးဘဏ်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သွေးလှူရှင်များအတွက် ဖြည့်စွက်အာဟာရများ ပေးအပ်ခဲ့ကြောင်း သိရသည်။**(ကျော်ဇေယျ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန် အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

○ ရွှေဖုံးမှ

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဒုတိယ သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ချင်းကျိုးမြို့ရှိ ကုန်တင်သင်္ဘောများဖြတ်သန်းသွားလာရေးအတွက် ပင်လယ်မှမြစ်သို့ တိုက်ရိုက်ဆက်သွယ်ထားသည့် ဖျင်လုတူးမြောင်း၏ မာတောက်(Madao) ဆုံမှတ်ကို သွားရောက်ကြည့်ရှုရာ ချင်းကျိုးဒေသခံပါတီနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဖျင်လုတူးမြောင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရရှိသည့်အကျိုးကျေးဇူးများနှင့် ဖြတ်သန်းသွားလာခွင့်ပြုနိုင်သည့် သင်္ဘောအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ချင်းကျိုးမြို့ရှိ ဉာဏ်ရည်တု (AI) နည်းပညာအသုံးပြု၍ အလိုအလျောက်စနစ်သုံး ကွန်တိန်နာဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများကို သွားရောက်ကြည့်ရှုလေ့လာရာ ဒေသခံအာဏာပိုင်နှင့် ဆိပ်ကမ်းတာဝန်ရှိသူများက ပြည်တွင်း ပြည်ပသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်မှုအခြေအနေ၊ AI နည်းပညာအသုံးချ၍ ကုန်တင်ကုန်ချ ဆောင်ရွက်မှုအခြေအနေနှင့် ဒီဂျစ်တယ်နည်းပညာများအပါအဝင် ထိပ်တန်းနည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများနှင့် အဆင့်မြင့်နည်းပညာဖြင့် ဒေသတွင်း ချိတ်ဆက်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

စက်တင်ဘာ ၁၇ ရက် ညနေပိုင်းကလည်း ဒုတိယသမ္မတသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ လိယွမ်နိုင်ငံတကာကွန်ဖရင့်စင်တာ၌ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ ဝေထောင်အား လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်မှု မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသားလုံခြုံရေး ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတ ရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ် သမ္မတနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗော်ဖိုဗစ်ချ် (Mr. Aleksandr Volfovich)၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတ နိုင်ငံ မင့်စ်မြို့သို့ စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ခရီးစဉ် သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့မှ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ထွက်ခွာပြီး မင့်စ်မြို့သို့ စက်တင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိရာ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီရုံးမှ ပြည်ပရေးရာ လုံခြုံရေးဌာနကြီးမှူး ဒီမီထရီ ဗစ်ထရိုဗစ် ရာဗင်ဟင် (Dmitry Viktorovich Ryabihin) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က ကြိုဆိုကြသည်။

**သွားရောက်လေ့လာ**

ယင်းနေ့ ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မဟာမျိုးချစ်စစ်ပွဲသမိုင်းပြတိုက် (The Great Patriotic WarMuseum) သို့ သွားရောက်လေ့လာသည်။

စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ အောင်ပွဲအထိမ်းအမှတ် ကျောက်တိုင် (The Victory Monument) သို့ သွားရောက်၍ ပန်းခွေချအလေးပြုသည်။

ထို့နောက် တည်းခိုသည့် President Hotel တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေး ကော်မတီဥက္ကဋ္ဌ မစ္စတာ အီဗန်တာတယ် (Ivan Tertel) နှင့် တွေ့ဆုံပြီး လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ သတင်းအချက်အလက် မျှဝေရေးနှင့်အတွေ့အကြုံဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။


ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၌ ပြည်ထဲရေးဝန်ကြီး မစ္စတာ အိုင်ဗန်ကူဘရာကော့ဗ် (Ivan Kubrakov)နှင့် တာဝန်ရှိသူတို့က အကြမ်းဖက်နှိမ်နင်းရေး တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေကို ရှင်းလင်းပြသသည်။

ဆက်လက်၍ အထူးတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် မျှဝေခြင်းနှင့် လေ့ကျင့်ရေး သင်တန်းဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြသည်။

ညနေပိုင်းတွင် တည်းခိုသည့် President Hotel ၌ ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗော်ဖိုဗစ်ချ် (Mr. Aleksandr Volfovich)နှင့် တွေ့ဆုံပြီး မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှု ကိစ္စရပ်များ၊ ယူရေးရှားပဋိညာဉ်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ကိစ္စရပ်များ စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ထို့နောက် ဘယ်လာရုစ် သမ္မတနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးက President Hotel ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ်သို့ သွားရောက်လေ့လာရာ ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ် ဒုတိယ ကျောင်းအုပ်ကြီး ဗိုလ်ချုပ် ဆိုဘိုးလ် ဒီမီထရီ(Sobol Dmitry) က ကာလအလိုက်သင်တန်း ဖွင့်လှစ် သင်ကြားနေမှုများ၊ ဘာသာရပ်ဆိုင်ရာ ပို့ချနေမှုများ



နှင့် ပြည်တွင်း၊ ပြည်ပသင်တန်းသားများ လက်ခံဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး စစ်တက္ကသိုလ်၌ သင်ကြားလေ့ကျင့်ပေးနေမှု အခြေအနေကို ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် နိုင်ငံတော် မှုခင်းဆေးပညာ စစ်ဆေးရေး ကော်မတီ (The State Forensic Examination Committee)၏ နိုင်ငံတော် မှုခင်းဆေးပညာ စစ်ဆေးရေးစင်တာသို့ သွားရောက်လေ့လာရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မှုခင်းဆေးပညာ စစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဗိုလ်ကော့ဗ် (Alexei Volkov) ဦးဆောင်သည့် အဖွဲ့များနှင့် တွေ့ဆုံကာ မှုခင်းကျူးလွန်ရေး၊ ရှာဖွေဖော်ထုတ်ရေး၊ မှုခင်းဆေးပညာနှင့် သက်သေအထောက်အထားများ စိစစ်ဖော်ထုတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှုအခြေအနေ၊ အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာနသို့ သွားရောက်၍ အရေးပေါ်အခြေအနေများဆိုင်ရာ ဒုတိယဝန်ကြီး မစ္စတာ ဆာဂေးလ် ဆာလန်နိုဗစ် (Sergey Salanovich) ဦးဆောင်သည့် အဖွဲ့များနှင့် တွေ့ဆုံပြီး သဘာဝဘေးအန္တရာယ်ကြောင့် အဆောက်အအုံပြိုကျမှုများနှင့် ယာဉ်မတော်တဆမှုများတွင် ကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ဓာတုဗေဒပစ္စည်းများသိုလှောင်သည့် စက်ရုံများ၏ လုံခြုံရေးအဆင့်အတန်း စစ်ဆေးခြင်းကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် ဆောင်ရွက်မှု အခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး အရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာန (Ministry of Emergency Situations)၏ ဘေးကင်းလုံခြုံရေးပညာရေးစင်တာကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့မှ ပြန်လည်ထွက်ခွာရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

# ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပုဂ္ဂလိကရုပ်သံကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပုဂ္ဂလိကရုပ်သံကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း Myansat DTH ထုတ်လွှင့်ရေးနှင့် ဖြန့်ချိရေးရုံးရှိ Control Room ၌ ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရုပ်သံနှင့် အသံအချက်ပြမှုများ စီမံထိန်းချုပ်နေမှု၊ ထုတ်လွှင့်ရေးဆိုင်ရာ စက်ပစ္စည်းများနှင့် နည်းပညာစနစ်များ တပ်ဆင်အသုံးပြုထားရှိမှု၊ ပြည်တွင်း/ပြည်ပ ရုပ်သံလိုင်းပေါင်း ၁၅၀ ကျော်ဖြင့် စီစဉ်ထုတ်လွှင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့အတူ Shwe FM ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရေဒီယိုအဆောင်ရှိ Studio(G/H) များတွင် ရေဒီယိုအစီအစဉ်များ၊ ထုတ်လွှင့်မှုတွင် အသုံးပြုလျက်ရှိသည့် အသံပိုင်းဆိုင်ရာ စက်ပစ္စည်းများ၊ Studio များ၏ နည်းပညာပိုင်းဆိုင်ရာ အခြေအနေနှင့် ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်တင်ဆက်မှုတို့ကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ တိုက်ရိုက်ထုတ်လွှင့်ရေးမော်တော်ယာဉ်များ၊ ရေဒီယိုအဆောင် အခန်းအမှတ်(၁၄၄)တွင် Playout စနစ်အသုံးပြု၍ အစီအစဉ်များ စီမံခန့်ခွဲထုတ်လွှင့်ပေးနေမှုနှင့် ရုပ်သံ၊ အသံ အချက်ပြမှုများ စောင့်ကြည့်ထိန်းချုပ်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အလားတူ 9 Meter Earth Station ၏ လုပ်ငန်းဆောင်ရွက်မှု၊ ဂြိုဟ်တု ဆက်သွယ်ရေးစနစ်မှတစ်ဆင့် ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ပေးပို့မှု အခြေအနေကိုလည်းကောင်း၊ မီတာ ၂၀၀ တာဝါတိုင်စက်ခန်းတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ရာ၌ အသုံးပြုလျက်ရှိသည့် ထုတ်လွှင့်စက်များ၊ စက်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ စနစ်များ တပ်ဆင်အသုံးပြုထားရှိမှုတို့ကို လည်းကောင်း၊ မန္တလေး FM ရေဒီယိုထုတ်လွှင့်မှု အခြေအနေ၊ ရေဒီယိုထုတ်လွှင့်ရေး လုပ်ငန်းများ၊ အစီအစဉ်များ ထုတ်လွှင့်တင်ဆက်နေမှု၊ နည်းပညာပိုင်းဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ်ရှိ Sky Net ရုံးချုပ်တွင် ရုပ်သံလိုင်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ရုပ်သံအစီအစဉ်များ ထုတ်လွှင့်မှု၊ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ တာမွေမြို့နယ် ရွှေထွဋ်တင် ဝင်း၌ ရုပ်သံအစီအစဉ်များ ထုတ်လွှင့်တင်ဆက်နေမှု၊ Studio များ အသုံးပြုဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသနေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေး အစီအစဉ်များ ဦးစားပေးရိုက်ကူး ထုတ်လွှင့်ပေးရန်၊ ပြည်သူများ အသိပညာနှင့် ဗဟုသုတတိုးပွားစေမည့် အစီအစဉ်များကို ခေတ်နှင့်အညီ ထုတ်လုပ်တင်ဆက်ရန်၊ ရုပ်မြင်သံကြား၊ အသံလွှင့်မီဒီယာများအပြင် ဒီဂျစ်တယ်မီဒီယာပလက်ဖောင်းများကိုပါ ထိရောက်စွာ အသုံးချ၍ အကြောင်းအရာများ ပိုမိုကျယ်ပြန့်စွာရောက်ရှိစေရေး ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး နိုင်ငံတော်အနေဖြင့် အနုပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိရာ ရုပ်ရှင်အနုပညာကဏ္ဍသည် နိုင်ငံတော်၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်သည့် အရေးပါသော ကဏ္ဍဖြစ်သဖြင့် ရုပ်ရှင် အနုပညာရှင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် မိမိတို့၏ အခန်းကဏ္ဍကို အလေးထားပြီး နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် အနုပညာလက်ရာကောင်းများ ဖန်တီးထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရှိ မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက်ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

* မိုးသည်းထန်စွာရွာသွန်းခြင်းမှ

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နောက် ၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်ပြီး အနောက် - အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ နောက် ၉၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း- အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)တို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညနေမှ စက်တင်ဘာ ၂၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

---

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဘိုလော့ဂ်နာ | ၁ - ၁ | တိုရီနို | |
| အူဒီးနီစ် | ၀ - ၁ | ကက်ဂလီယာရီ | |
| ရိုးမား | ၂ - ၂ | အင်တာမီလန် | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| အိုဆာဆူနာ | ၁ - ၁ | ဗယ်လက်ကာနို | |
| ဘီလ်ဘာအို | ၀ - ၀ | အလာဗက်စ် | |
| ဆဲလ်တာဗီဂို | ၅ - ၀ | ရေးဆင်း | |

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



မကွေး စက်တင်ဘာ ၁၉

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်လူနာကုသဆောင်၌ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်လွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၁၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းမှုဆောင်ရွက်ခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးခဲ့ကြပြီး တာဝန်ရှိသူများက အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/မင်း)**

---

* ၂၀၂၆ ခုနှစ်မှ

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၀) တောင်ကြီးတက္ကသိုလ်
(၂၁) ကျိုင်းတုံတက္ကသိုလ်
(၂၂) လားရှိုးတက္ကသိုလ်
(၂၃) ပုသိမ်တက္ကသိုလ်
(၂၄) ဟသ်္သာတတက္ကသိုလ်
(၂၅) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

## System Breakdown ဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြားချက်

နေပြည်တော် စက်တင်ဘာ ၁၉

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ဓာတ်အားပေးစက်ရုံအချို့နှင့် ဓာတ်အားလိုင်းအချို့ ပုံမှန်လည်ပတ်ပို့လွှတ်နိုင်မှု မရှိသည့်အခြေအနေတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ ဓာတ်အားအပြည့်အဝရရှိစေရေးအတွက် စွန့်လွှတ်စွန့်စားစိတ်များဖြင့် ဖျက်ဆီးခံထားရသည့် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများပြုပြင်ခြင်း၊ ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများ ပြောင်းလဲချိတ်ဆက်ခြင်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် နေ့ညမပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့အခြေအနေတွင် စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီ ၂၆ မိနစ်၌ (၂၃၀ ကေဗွီ) ရွှေတောင် – မြောင်းတကာ အမှတ် (၁) နှင့် (၂) ဓာတ်အားလိုင်းတွင် အပြစ်ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတစ်ဝန်း ဓာတ်အားပြတ်တောက်မှု System Breakdown ဖြစ်ပေါ်ခဲ့ရသည်။

အဆိုပါချို့ယွင်းသွားသော (၂၃၀ ကေဗွီ) ရွှေတောင်–မြောင်းတကာ ဓာတ်အားလိုင်းကို တာဝန်ရှိဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးနေစဉ်အတွင်း ပြည်သူများဓာတ်အားပြတ်တောက်မှု ကြန့်ကြာမှုမရှိစေရန် အတွက် အဆိုပါလိုင်းပြင်ဆင်ပြီးစီးသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ အခြားသော ဓာတ်အားပေးစက်ရုံများမှတစ်ဆင့် ဓာတ်အားစနစ် အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရေး ချက်ချင်းကြိုးပမ်း ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီ ၃၈ မိနစ်မှစတင်၍ ပေါင်းလောင်းဓာတ်အားပေးစက်ရုံမှလည်းကောင်း၊ ညနေ ၆ နာရီတွင် ရဲရွာဓာတ်အားပေးစက်ရုံမှလည်းကောင်း ဓာတ်အားများ အဆင့်ဆင့် စတင်ပို့လွှတ်နိုင်ခဲ့သည်။ ထို့နောက် ညနေ ၆ နာရီ ၂၄ မိနစ်တွင် အဆိုပါ ပေါင်းလောင်းနှင့် ရဲရွာဓာတ်အားများကို အောင်မြင်စွာချိတ်ဆက် (Synchronization) ဆောင်ရွက်နိုင်ခဲ့ပြီး ညနေ ၆ နာရီ ၄၅ မိနစ်တွင် လှော်ကားဓာတ်အားခွဲရုံအထိ ဓာတ်အားများ ဆက်လက်ပို့လွှတ်ပေးနိုင်ခဲ့သည်။

သို့ရာတွင် ဓာတ်အားပြန်လည်ချိတ်ဆက်ပို့လွှတ်ချိန်၌ ရုတ်တရက် ဝန်အား (Load) သုံးစွဲမှု များပြားစွာဝင်ရောက်လာသဖြင့် ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲမှု မျှတမှုမရှိတော့ဘဲ ညနေ ၆ နာရီ ၅၂ မိနစ်တွင် ဓာတ်အားစနစ်အတွင်း ဓာတ်အားကြိမ်နှုန်း အတက်အကျမငြိမ်မသက်ဖြစ်မှု (Frequency Swing) ကြောင့် System Breakdown ထပ်မံဖြစ်ပေါ်ခဲ့ရကြောင်းနှင့် ဓာတ်အားစနစ် ပုံမှန်အတိုင်းအမြန်ဆုံး ပြန်လည်ပို့လွှတ်နိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဲကာကျရင်ဘုဂ်မြို့၌ နိုင်ငံတကာလူငယ်ပွဲတော် ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၉

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ယဲကာ ကျရင်ဘုဂ်မြို့၌ စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာ လူငယ်ပွဲတော် (International Festival of Youth 2026) သို့ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတကာ လူငယ်ပွဲတော်၏ လူငယ်စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်သို့ သွားရောက်လေ့လာသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတကာမှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်ကြီးများနှင့်အတူ လူငယ်ပွဲတော် ကျင်းပရေးကော်မတီ၏ အစည်းအဝေးခန်းမ၌ ကျင်းပသည့် အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် ကမ္ဘာတစ်ဝန်းရှိတက်ကြွလှုပ်ရှားသူလူငယ်များအကြား ချိတ်ဆက်ပေါင်းစပ်လျက် ဟန်ချက်ညီသောရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရေး၊ လူငယ်ရေးရာမူဝါဒ၏ အနာဂတ် မျှော်မှန်းချက်များကို ဆွေးနွေးအဖြေရှာရေး၊ ထိရောက်သော အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များ ချမှတ်ရေးဆွဲရေးနှင့် ယနေ့ခေတ် ဒီဂျစ်တယ်အသွင် ကူးပြောင်းခြင်းဆိုင်ရာ သဘောတရားများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် နိုင်ငံတကာ လူငယ်ပွဲတော်ဖွင့်ပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ပွဲတော်ကျင်းပရေး ကော်မတီ အစည်းအဝေးခန်းမ၌ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့်အတူ မြန်မာနိုင်ငံ၏ လူငယ်ရေးရာမူဝါဒ အကောင်အထည် ဖော်ဆောင်ရွက်နေမှု လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်များနှင့် မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတကာမှ လူငယ် ခေါင်းဆောင်များ၏ လူငယ်ရေးရာမူဝါဒ အမျိုးသားအဆင့် ဆောင်ရွက်နေမှုများအပေါ် စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

စက်တင်ဘာ ၁၅ ရက်တွင် ယဲကာကျရင်ဘုဂ်မြို့ရှိ အားကစားလေ့ကျင့်ရေးစခန်း၌ မျိုးဆက်သစ်လူငယ်များ အားကစားလေ့ကျင့် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ယဲကာကျရင်ဘုဂ်ဒေသရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် Mr. Pasler Denis Vladimirovich နှင့်တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ယဲကာကျရင်ဘုဂ်မြို့ရှိ လူငယ်စင်တာ (Palace of Youth Center) ကို သွားရောက်၍ ဆယ်ကျော်သက် လူငယ်များအတွက် ချမှတ်ထားသည့် အစီအစဉ်များ၊ အနုပညာ တီထွင်ဖန်တီးမှုများနှင့် ဒေသဆိုင်ရာ လူငယ်စီးပွားရေး စွမ်းဆောင်ရှင်များအဖွဲ့၏ ထုတ်ကုန်များကို လေ့လာသည်။

ထို့မှတစ်ဆင့် အစိုးရရေကြောင်း လူငယ်လေ့ကျင့်ရေး သင်တန်းကျောင်း၌ ရေကြောင်းလူငယ်များ၏ လေ့ကျင့်နေမှုကိုလည်းကောင်း၊ စစ်ဘက်ဆိုင်ရာနှင့် အရပ်ဘက်ဆိုင်ရာ လူငယ်အသက်မွေးဝမ်းကျောင်းစခန်း (Military and Civil Youth Vocational Camp) ၌ လူငယ်များ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လက်တွေ့သင်ကြားနေမှုများနှင့် ဒီဂျစ်တယ်နည်းပညာ အသုံးချနေမှုကိုလည်းကောင်း၊ ပြတိုက်စင်တာတွင် ပြသထားရှိသည့် ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က လွှင့်တင်ခဲ့သော (Buran-Class Orbiter) အာကာသယာဉ်ပေါင်း ပြခန်းကိုလည်းကောင်း သွားရောက်လေ့လာသည်။

စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူငယ်ရေးရာ ဖက်ဒရယ်အေဂျင်စီ၏ ဒုတိယဥက္ကဋ္ဌ Mr. Denis Valerievich Ashirov နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား လူငယ်ရေးရာ ကိစ္စရပ်များ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေးနှင့် အာဆီယံ-ရုရှား လူငယ်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး ကျင်းပပြုလုပ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်နိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့ချုပ်မှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Xiaofei Tian နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံလူငယ်ရေးရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ အပေါင်းသုံး လူငယ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ တာဝန် ဝတ္တရားများကိုလည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ လူငယ်နှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံလူငယ်ရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးနိုင်ရေးနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် နိုင်ငံတကာလူငယ်ပွဲတော် ပိတ်ပွဲသို့ ပါဝင်တက်ရောက်ပြီး အဆိုပါပွဲတော်သို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ ပြည်ထောင်စုဝန်ကြီးအဆင့် ကိုယ်စားလှယ်ကြီး ၁၃ ဦး၊ ဒုတိယဝန်ကြီးအဆင့် ကိုယ်စားလှယ်ကြီး ကိုးဦးနှင့် နိုင်ငံပေါင်း ၁၉၀ ကျော်မှ လူငယ် ၁၀၀၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

◎ စာမျက်နှာ ၂၄ မှ

တက်ဂ်ဘော အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ (Teqball Women's Single)ကို စက်တင်ဘာ ၁၈ ရက်တွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ နိုင်ငံကိုယ်စားပြု အားကစားသမား ခင်နှင်းဝေသည် ကာဂျစ္စတန်အသင်း၊ အင်ဒိုနီးရှားအသင်း၊ လက်ဘနွန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲစဉ်တိုင်းတွင် နှစ်ပွဲပြတ်ဖြင့်အပြတ်အသတ်အနိုင် ရရှိကာ ရှုံးပွဲမရှိ ရလဒ်ကောင်းများဖြင့် Semi-Final အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အလားတူ တက်ဂ်ဘောအမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် (Teqball Women's Doubles) မြန်မာ့လက်ရွေးစင် အားကစားသမားများဖြစ်ကြသည့် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် အုပ်စုပတ်လည်ပွဲစဉ်တွင် ပွဲဦးထွက်၌ ထိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကျန်ရှိသည့်အုပ်စုပတ်လည်ပွဲစဉ်များတွင် ကမ္ဘောဒီးယားအသင်းနှင့် လက်ဘနွန်အသင်းတို့ကို နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းကြောင့် Semi-Final အဆင့်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။

စက်တင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် တက်ဂ်ဘောအမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ (Teqball Women's Single) အကြိုလ်ဗိုလ်လုပွဲ(Semi-Final) ပွဲစဉ်တွင် မြန်မာအသင်းနှင့် လက်ဘနွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေက အာရုံစူးစိုက်မှုကောင်းစွာဖြင့် ကစားခဲ့၍ လက်ဘနွန်အသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ် - ၇ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲငယ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေက အမှားအယွင်း နည်းနည်းဖြင့် ဆက်လက်ကစားနိုင်ခဲ့၍ လက်ဘနွန်အသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ်-၈ မှတ် ဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် အတွက် (Women's Singles Final) ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

အလားတူ မြန်မာစံတော်ချိန် နံနက် ၈ နာရီတွင် တက်ဂ်ဘော အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ (Teqball Women's Doubles) အကြိုဗိုလ်လုပွဲ (Semi-Final)ပွဲစဉ်တွင် မြန်မာအသင်းနှင့် လက်ဘနွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက လက်ဘနွန်အသင်းမှ အားကစားသမားအတွဲကိုရမှတ် ၁၂ မှတ်-၁၁မှတ် ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက လက်ဘနွန်အသင်းမှ အားကစားသမားအတွဲကို ရမှတ် ၁၂ မှတ် - ၁ မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည့်အတွက် (Women's Doubles Final) ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တက်ဂ်ဘော အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ( Teqball Men's Single) အကြိုဗိုလ်လုပွဲ (Semi-Final) ပွဲစဉ်တွင် မြန်မာအသင်းနှင့် အီရတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ စောဖရိုင်းဒေးက အာရုံစူးစိုက်မှုကောင်းစွာဖြင့် ကစားခဲ့သော်လည်း အီရတ်အသင်းမှ အားကစားသမားက ရမှတ် ၁၂ မှတ် - ၁၁ မှတ် ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် အမှားအယွင်းနည်းစွာ ဆက်လက်ကစားနိုင်ခဲ့သော်လည်း တစ်ဖက်အီရတ်အသင်းမှ အားကစားသမားက ရမှတ် ၁၂ မှတ် - ၁၁ မှတ်ဖြင့် ပွဲပြီးချိန်တွင်အီရတ်အသင်းမှ အားကစားသမားကိုကပ်၍ ရှုံးနိမ့်ခဲ့သည့်အတွက် စက်တင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၁ နာရီတွင် တတိယလုပွဲ ပွဲစဉ်၌ မြန်မာအသင်းမှ စောဖရိုင်းဒေးသည် ဖိလစ်ပိုင်အသင်းမှ အားကစားသမား Prince AGUSTIN နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အလားတူ မြန်မာတက်ဂ်ဘောအသင်းအနေဖြင့် စက်တင်ဘာ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တက်ဂ်ဘော အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ (Teqball Women's Singles Final)ပွဲစဉ်၌ မြန်မာအသင်းမှ ခင်နှင်းဝေသည် အင်ဒိုနီးရှားအသင်းမှ အားကစားသမား Sumaya SUMAYA နှင့်လည်းကောင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ်၄၀ တွင် တက်ဂ်ဘော အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ (Teqball Women's Doubles Final)ပွဲစဉ်၌ မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် ထိုင်းအသင်းမှ အားကစားသမား Suphawadi WONGKHAMC, jutatip KUNTATONG တို့အတွဲနှင့်လည်းကောင်း တွေ့ဆုံယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံသားတိုင်းသည်ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များအား ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်း စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၆)မှ သင်တန်းသားများအား ကြံ့ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည် အဖွဲ့အစည်းဖြင့် စနစ်တကျ လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိခဲ့ကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် အပြည့်အဝဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့သို့သွားရောက်၍ ဂုဏ်ယူစွာ တာဝန် ထမ်းဆောင်ကြမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများ အနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၆)တွင် တက်ရောက်ခဲ့ရသည့်အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

တက်ရောက် ဖြစ်ပုံကတော့ နိုင်ငံသားတိုင်း ဒီတာဝန်ကို ထမ်းဆောင်ရမယ် ထင်လို့ပါ။ ၁၈ နှစ်ပြည့်တဲ့ ညီအစ်ကိုတိုင်းလည်း ထမ်းဆောင်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီသင်တန်းမှာ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ မိုင်းကျွမ်းကျင်ဆုပါဗျ။ ကျွန်တော် အရမ်းပျော်ပါတယ်။ ကျွန်တော်နဲ့အတူ ကျွန်တော့်ရဲ့ မိသားစုလည်း ပျော်နေမယ်လို့ ထင်ပါတယ်။ အရပ်သားဘဝနဲ့တော့ အများကြီး ကွာခြားသွားပါတယ်။ ဒီထဲရောက်မှ ကျွန်တော်တို့ စိတ်ဓာတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာရော အကုန်လုံး အစစအရာရာ ပြောင်းလဲသွားပါတယ်။ အရင်လို အရပ်သားမှာတော့ ကျွန်တော်တို့တွေ ပေါ့ပျက်ပျက်နဲ့ နေခဲ့တာတွေ ရှိတယ်။ ဒီမှာတော့ အဲ့လိုမျိုးတော့ မဟုတ်ဘူး။ အားလုံးက စည်းကမ်းနဲ့၊ စနစ်နဲ့၊ ဆရာတွေရဲ့ သွန်သင်သင်ကြားမှုတွေနဲ့ နေထိုင်ရပါတယ်။ သင်တန်းတက်ခဲ့ရတဲ့ အတွေ့အကြုံကတော့ ဒီသင်တန်းမှာ ကျွန်တော်တို့ ပင်ပန်းတာတွေလည်းရှိတယ်။ ခက်ခဲတာတွေလည်းရှိတယ်။ ဒါပေမဲ့ အဲဒါတွေက ခုလိုပြီးသွားတဲ့ အချိန်မှာ ကျွန်တော်တို့ ဒီလိုပဲ ပြီးဆုံးသွားတာပါပဲ၊ ကျွန်တော့်ကို ပေးအပ်လာတဲ့ တာဝန်ကို ကျေပွန်စွာ အတတ်နိုင်ဆုံး ထမ်းဆောင်သွားပါမယ်လို့ စဉ်းစားထားပါတယ်ဗျ။

ကျွန်တော် ဒီသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒီနိုင်ငံသား တစ်ယောက်အနေနဲ့ ဒီတိုင်းပြည်က ချမှတ်ထားတဲ့ မူဝါဒကို ကျေပွန်အောင် ထမ်းဆောင်ချင်တဲ့ ရည်ရွယ်ချက်နဲ့ သင်တန်းကို တက်ရောက်ခဲ့တာဖြစ်ပါတယ်ခင်ဗျ။ သင်တန်းမှာ ကျွန်တော်တို့ သင်ကြားပေးတဲ့ ဘာသာရပ် တွေကတော့ ကိုယ်ခန္ဓာအတွက် လိုအပ်တဲ့ ကြံ့ခိုင်ရေး ဘာသာရပ်တွေ၊ လက်နက်ငယ် ဘာသာရပ်တွေ၊ နောက်တစ်ခုက ကျွန်တော်တို့ ဒီရှေ့တန်း စစ်မြေပြင်တွေနဲ့ နိုင်ငံတော် ကာကွယ်ရေးအတွက် အသုံးဝင်တဲ့ စစ်မြေပြင် အင်ဂျင်နီယာ ဘာသာရပ်တွေ၊ စစ်မြေပြင် ဘာသာရပ်တွေကို သင်ကြားပြသပေးခဲ့တာပဲ ဖြစ်ပါတယ်။ ကျွန်တော်က အရပ်သား ဘဝကနေ လာတာဆိုတော့ အစပိုင်းမှာ ပင်ပန်းတယ်၊ နောက်ပိုင်းကျတော့ ဆရာတွေ သင်ကြားပြသပေးတဲ့ လမ်းညွှန်မှုတွေကို စနစ်တကျ လိုက်ပါဆောင်ရွက်ပြီး ကျွန်တော်တို့ သေချာလေ့ကျင့်တဲ့ အခါမှာတော့ အဆင်ပြေသွားပါတယ်။ ကျွန်တော် ရရှိခဲ့တဲ့ဆုကတော့ တပ်စိတ်တိုက်နည်း ပထမဆုပဲဖြစ်ပါတယ်။ ဒီဆုမှာတော့ ကျွန်တော်တို့ တပ်စိတ်လိုက်၊ ကြိုးစားမှုတွေ၊ နောက်တစ်ခုက အုပ်ချုပ်မှုတွေနဲ့ ရဲဘော်အချင်းချင်း စည်းလုံးမှုတွေကြောင့်မို့ ကျွန်တော်တို့ ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ သင်တန်းပြီးဆုံးသွားပြီဆိုတော့ ကျွန်တော်တို့ တာဝန်ကျတဲ့ တပ်ရင်းတွေမှာ ဒီနှစ်နှစ်တာကာလကို ကျေပွန်စွာ ထမ်းဆောင်သွားမယ်။ ပြီးတော့ တပ်မတော်က ချမှတ်ထားတဲ့ ဥပဒေတွေကိုလည်း အကောင်းဆုံး လိုက်နာပြီး တာဝန်ထမ်းဆောင်သွားမှာပါ။ နောက်တက်လာမယ့် ညီငယ်တွေကိုတော့ ကျွန်တော် ပြောချင်တာက ဒီနိုင်ငံသား တစ်ယောက်ဖြစ်လို့ ဒီနိုင်ငံမှာ ချမှတ်ထားတဲ့ ဥပဒေတွေကို အကောင်းဆုံး လိုက်နာကျင့်သုံးပြီး ပြည်သူ့စစ်မှုထမ်း ဥပဒေကို ထမ်းဆောင်ကြပါလို့ ပြောချင်ပါတယ်။ ကျွန်တောတို့ ဘဝမှာ မလုပ်ဖူးတဲ့ လုပ်ဆောင်ချက်တွေ၊ မသင်ကြားဖူးခဲ့တဲ့ ဘာသာရပ်တွေကို သင်ကြားခဲ့ရတာဆိုတော့ ဘဝရဲ့ အမှတ်တရတွေ အများကြီး ရရှိပါ တယ်ခင်ဗျာ။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)မှ နိုင်ငံ့သားကောင်း စစ်သည်များအား သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲ ကျင်းပရာ တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ကျိုင်းတောင်းမြို့၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲတွင် ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။







လှည်းကူးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Xiao Zhan နှင့် Starry Night Over The Rhone ပန်းချီကားလိုက်ဖက်နေ



တရုတ်အနုပညာရှင် ရှောင်းကျန့်၏ အနုပညာအတွက် Recipe From A Small Town မှ ဂုဏ်ပြုပန်းစည်းပေးခဲ့ရာ Starry Night Over The Rhone 'ရှန်းမြစ်ပေါ်က ကြယ်စုံည' ဆေးပန်းချီကားမှာ သူနှင့် လိုက်ဖက်မှု ရှိနေကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ပန်းစည်းကို ထုပ်ပိုးထားသည့် စက္ကူမှအစ အနုပညာရသ ပြည့်ဝနေကာ ပန်းစည်းထုပ်ပေါ်မှ ဆီဆေးပန်းချီကားမှာ ကမ္ဘာကျော်ဆရာကြီး ဗင်ဆင့်ဗန်ဂိုး၏ အကျော်ကြားဆုံးလက်ရာတစ်ခုဖြစ်သည့် Starry Night Over The Rhone 'ရှန်းမြစ်ပေါ်က ကြယ်စုံည' ဖြစ်သည်။

ပန်းချီကား၏ လက်ရာမှာ နက်ရှိုင်းသော သမိုင်းကြောင်းရှိပြီး Post-Impressionist ခေတ်၏ ပြယုဂ်တစ်ခုဖြစ်ကာ ၁၈၈၈ ခုနှစ်၊ စက်တင်ဘာလ ပြင်သစ်နိုင်ငံ၊ အာရ်လ်မြို့၏ ညကို အခြေခံ ရေးဆွဲထားသည်။ ဗန်ဂိုးသည် ရှန်းမြစ်၏ အရှေ့ဘက်ကမ်းနားမှ မြစ်ကွေ့လေးကို မျက်နှာချင်းဆိုင်ကြည့်ရင်း ကြယ်ရောင်များဖြစ်ပေါ် ရောင်ပြန်ဟပ်နေသည့်အလှကို အမိအရ ဖမ်းဆွဲထားရာ ရှောင်းကျန့်နှင့် လိုက်ဖက်သည့် ပန်းချီကားဖြစ်ခဲ့သည်။ (SKY)



### ညဘက်တွင် အလင်းရောင်နှင့် ထိတွေ့မှုများခြင်းကြောင့် နှလုံးလုပ်ဆောင်ချက်အပေါ် ထိခိုက်ပျက်စီးစေနိုင်ဖွယ်ရှိ

ညဘက်တွင် အလင်းရောင်နှင့် ထိတွေ့မှုများခြင်းကြောင့် နှလုံး၏ တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်အပေါ် ထိခိုက်ပျက်စီးစေနိုင်သော အပြောင်းအလဲများနှင့် ဆက်စပ်နေနိုင်ကြောင်း လူ ၁၁,၀၀၀ ကျော်ကို လေ့လာထားသည့် သုတေသနရလဒ်က ဖော်ပြသည်။

ယခုသုတေသနကို အမေရိကန်ပြည်ထောင်စု၊ တူလိန်းတက္ကသိုလ်မှ ပါမောက္ခ လူချီက ဦးဆောင်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ 'ယခင် လေ့လာတွေ့ရှိချက်တွေအရ ညဘက်အလင်းရောင်နဲ့ ထိတွေ့မှုဟာ နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားတာနဲ့ ဆက်စပ်နေတယ်ဆိုတာကို တွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ နှလုံးရဲ့ တည်ဆောက်ပုံနဲ့ လုပ်ဆောင်ချက်တွေအပေါ် ဘယ်လိုပြောင်းလဲစေလဲဆိုတာကိုတော့ အသေးစိတ် မသိရှိရသေးပါဘူး။ အခု သုတေသနကိုတော့ လူတွေ ညဘက်မှာ အလင်းရောင်နဲ့ အလွန်အကျွံ ထိတွေ့တဲ့အခါ နှလုံးမှာ အချိန်ကြာလာတာနဲ့အမျှ ဘာတွေဖြစ်လာလဲဆိုတာကို ဖော်ထုတ်ဖို့ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်'ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ သုတေသနတွင် ဗြိတိန်နိုင်ငံ၊ ယူကေဘိုင်အိုဘန့်ခ်မှ ပါဝင်သူ ၁၁,၀၇၁ ဦး ပါဝင်ခဲ့သည်။ သုတေသီများသည် ပါဝင်သူတစ်ဦးချင်းစီ၏ ညဘက်အလင်းရောင် ထိတွေ့မှုကို တိုင်းတာနိုင်ရန်အတွက် လက်တွင် အလင်းရောင်တိုင်းကိရိယာကို ခုနစ်ရက်ကြာ တပ်ဆင်ကာ လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Producer Ryan Tedder က BTS ၏ သြဇာကြီးမှုကို ပြောကြား



ကမ္ဘာကျော်ထုတ်လုပ်သူ Ryan Tedder က K Pop လောကတွင် Label Entertainment ကုမ္ပဏီများက ကြိုးဆွဲသည့်အတိုင်း လှုပ်ရှားနေရသည့် K Pop အနုပညာရှင်များအနက် Hybe ၏ အရှင်သခင် BTS အဖွဲ့၏ သြဇာကြီးမားမှုကို ပြောကြားထားသည်။

ကုမ္ပဏီကခိုင်းသမျှကို ရှန်းကန်နေရသည့် K Pop Idol အများစုမှာ ချုပ်ခြယ်ခံရမှုမှ လွတ်မြောက်ရန် တစ်ကိုယ်တော် ဂီတနှင့် ထွက်ပေါက်ရှာရန် ကြိုးစားခဲ့ကြရသည်။ BTS အဖွဲ့မှာ အားလုံးထက် ကွဲထွက်ပြီး သီးသန့် အာဏာစက်ရှိနေသည်။

အဖွဲ့ဝင်ခုနစ်ဦး ပြန်စု၍ တေးဂီတ Album သစ် ထုတ်ရန် သီချင်းရွေးချယ်မှု၊ ခေါင်းစဉ်မှအစ သီချင်းစာသားအဆုံး အားလုံးစိတ်ကြိုက် သူတို့အမိန့်အတိုင်း လုပ်ခဲ့ပြီး သြဇာအာဏာကြီးမားသည်။ ကုမ္ပဏီက စိတ်ကြိုက် ဖန်တီးမှု၊ လွတ်လပ်မှုပေးထား၍ ကုမ္ပဏီကို ပြန်၍ ကြိုးဆွဲမောင်းနှင်နေသည့် ကမ္ဘာ့အလွှမ်းမိုးဆုံးဘုရင်များမှာ BTS ဖြစ်သည်ဟု ပြောကြားထားသည်။

BTS ဆိုသည်မှာ Hybe (Big Hit) ကုမ္ပဏီကို လက်ရှိအခြေအနေအထိ တည်ထောင်ပေးခဲ့သည့် သူဌေးကြီးများ ဖြစ်ကြသည်ဟူ၍လည်း ချီးမွမ်းထားသည်။ (SKY)

## Yoo Jae Suk ကို ကတိတည်သူအဖြစ် ချီးကျူးထားကြ



နိုင်ငံကျော် MC Yoo Jae Suk သည် အလှူအတန်းရက်ရောသူဖြစ်ပြီး ပေးထားသော ကတိစကားလည်း တည်မြဲအောင် လုပ်ဆောင်သူဖြစ်၍ ပရိသတ်က ချီးကျူးထားကြသည်။

Yoo Jae Suk သည် ကိုရီးယား Chuseak ပွဲတွင် တန်ဖိုးကြီး Beef Set များ လက်ဆောင်ပေးပို့တတ်သူဖြစ်ရာ ရက်ပ်ပါ ဂျက်ဆီကိုလည်း ပေးပို့ခဲ့၍ ဂျက်ဆီက ကျေးဇူးတင်စကား တုံ့ပြန်ထားသည်။

ဂျက်ဆီသည် ပွင့်လင်းပြီး ထင်ရာပြောတတ်သူဖြစ်ရာ ယူဂျေဆွတ်က အမြဲထိန်းပေးခဲ့ရကြောင်းနှင့် ဂျက်ဆီက Yoo Jae Suk ၏ အပြုအမူကို နားလည်၍ အတူတွဲ လုပ်ကိုင်ဖြစ်ခဲ့ကြသည်။ Running Man အဖွဲ့ဝင် Kim Jong Kook မင်္ဂလာဆောင်တွင်လည်း ပြောထားသည့် ကတိအတိုင်း လုပ်ကိုင်ပေးခဲ့၍ ပရိသတ် ချီးကျူးမဆုံးဖြစ်ခဲ့ကြသည်။

နိုင်ငံကျော် MC Yoo Jae Suk မှာ လူချစ်လူခင် ပေါများပြီး နိုင်ငံအချစ်တော် MC လည်းဖြစ်ခဲ့ကာ ကတိစကားတစ်ခွန်းတည်သူအဖြစ် လေးစားခံခဲ့ရသည်။ (SKY)

## Deniel Craig နှင့် Cillian Murphy ကို ရုပ်ရှင်သစ် ရိုက်ကူးထား

ဟောလိဝုဒ် ဒါရိုက်တာ ဒါမီရင်ချောဇီလီသည် Babylon ရုပ်ရှင်နှင့် ဝေဖန်မှုများစွာ ကြုံတွေ့ခဲ့ပြီးနောက် ရုပ်ရှင်သစ်အတွက် ပြင်ဆင်နေကာ ဒန်နီရယ်ကာရိတ်နှင့် စီလီယမ်မာဖီတို့နှင့် ရိုက်ကူးမည့်သတင်းထွက်ပေါ်လာကြောင်း ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်သစ်သည် ထောင်တစ်ခုကို အခြေခံထားသည့် ဒရမ်မာဇာတ်ကားဖြစ်ပြီး အက်ရှင်ခန်းများ ပါဝင်ကာ ပါရာမောက်က ၂၀၂၄ ခုနှစ် ဧပြီလမှ စတင်ခဲ့သော်လည်း အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့သည့် ပရောဂျက်ဖြစ်သည်။

ဒါရိုက်တာ ဒါမီရင်ချောဇီလီနှင့် အမြဲလက်တွဲခဲ့သည့် တေးရေးဆရာက အတည်ပြုပေးခဲ့ကာ ရုပ်ရှင်တေးများ စတင်ရေးသားနေပြီး သူဖတ်ခဲ့သမျှ ဇာတ်ညွှန်းများတွင် အကောင်းဆုံးဟု ထောက်ခံထားပြီး မင်းသားနှစ်လက် အားပြိုင်မှုနှင့်အတူ ရသသစ်ကိုပါ ခံစားကြရမည်ဖြစ်သည်ဟု အာမခံထားသည်။ (SKY)






## Battle of Fates ရသရှိုးတွင် ကိုရီးယားဗေဒင်နှင့် နတ်ကတော်ပညာရှင်များ ပါဝင်




ကိုရီးယားအနုပညာလောကမှ ရသစုံရှိုး Battle of Fates တွင် ပါဝင်သော ဗေဒင်ပညာရှင်များစွာရှိပြီး တစ်ဦးစီတွင် အရည်အချင်းကောင်းများ ပိုင်ဆိုင်ထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မူဒန်း(ခေါ်)အမျိုးသမီးနတ်ကတော်များက နတ်ဝိညာဉ်နှင့် လူသားကြား ဆက်သွယ်ပေးသည့် နတ်ဆရာမများ ဖြစ်ကြသည်။

ဥမ်ဆန်ဂါးမှာ မျက်နှာလက္ခဏာပညာရှင်ဖြစ်ပြီး မျက်နှာကိုကံကြမ္မာ၏မှန်ပြင်ဟု ယူဆထားကြကာ ဘတ်ဆူမူဒန်းမှာ အမျိုးသားနတ်ဆရာဖြစ်ပြီး တာရိုဆူလ်ဆာမှာ တားရော့ဗေဒင်ဆရာ၊ ဖဲချပ်အသုံးပြု၍ အနာဂတ်ဟောသူ၊ ဆာဂျူးမှာ ဇာတာခွင်ပညာရှင်၊ ဂျုတ်ဆန်းချွန်မွန်ဂါမှာ ခြေဖဝါးလက္ခဏာ ကျွမ်းကျင်ပညာရှင်ဖြစ်ပြီး ရှားပါးသော ပညာရှင်ဖြစ်ကာ အားလုံးပူးပေါင်း ပါဝင်တင်ဆက်ထားကြသည်။ (SKY)

# ဥရောပသမဂ္ဂ၏ ပထမဆုံး "ပူးတွဲအဖွဲ့ဝင်" ကမ်းလှမ်းချက်ကို ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက ကြိုဆိုလိုက်သည်ဟု ဆို



**အော့တဝါ စက်တင်ဘာ ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်၏ ခြိမ်းခြောက်မှုများကို ဂရုမစိုက်ဘဲ ကနေဒါနိုင်ငံကို ဥရောပသမဂ္ဂ၏ ပထမဆုံး "ပူးတွဲအဖွဲ့ဝင်" ဖြစ်လာစေရန် ကမ်းလှမ်းချက်ကို ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက ကြိုဆိုလိုက်ကြောင်း သိရသည်။

ဘရပ်ဆဲလ်နှင့် အိုတာဝါ တို့၏ ကြိုးပမ်းမှုအပေါ် အခွန် တိုးမြှင့်ကောက်ခံမည်ဟု ခြိမ်းခြောက်ကာ စိုးရိမ်မှုများကို ပိုမို မြင့်တက်စေခဲ့သည့် ခေါင်းမာသော ထရမ့်၏ လုပ်ဆောင်ချက်များကြောင့် ကနေဒါနှင့် ၂၇ နိုင်ငံ ပါဝင်သော ဥရောပသမဂ္ဂတို့သည် ဆက်ဆံရေးကို အဆင့်သစ်တစ်ခုသို့ မြှင့်တင်ရန် ဆောင်ရွက်လျက် ရှိသည်။

စထရာဘ့ဝ့်ဂ်မြို့ရှိ ဥရောပ ပါလီမန်တွင် ပြောကြားရာ၌ ကနေဒါနိုင်ငံကို ပူးတွဲအဖွဲ့ဝင်ဖြစ် လာစေရေးအတွက် ဥရောပသမဂ္ဂ အကြီးအကဲ အာဆူလာဖွန်ဒါလီ ယန်၏ ပြောကြားချက်ပါ ရည်မှန်း ချက်ကို ကနေဒါနိုင်ငံက "ကြို ဆိုသည်"ဟု ကာနေးက ပြော ကြားခဲ့ကြောင်း သိရသည်။

**Mon**

# ခြောက်ရက်ကြာ အာကာသခရီးစဉ် အစီအစဉ်တစ်ခုလျှင် ယွမ် ၅ ဒသမ ၁ သန်းဖြင့် ထရစ်ပ်ဒေါ့ကွန်က ရောင်းချနေ



**ပေကျင်း စက်တင်ဘာ ၁၉**

တရုတ်နိုင်ငံ၏ အကြီးမားဆုံး အွန်လိုင်းခရီးသွားအေဂျင်စီ ထရစ်ပ်ဒေါ့ကွန်က ယွမ် ၅ ဒသမ ၁ သန်း (အမေရိကန်ဒေါ်လာ ၇၆၀၀၀၀) ကျသင့်မည့် ခြောက်ရက်ကြာ အာကာသခရီးစဉ်အစီအစဉ်တစ်ခု ရောင်းချပေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထရစ်ပ်ဒေါ့ကွန်၏ အဆင့်မြင့်ခရီးသွားအမှတ်တံဆိပ် အိတ်ချ်အိတ်ချ်ထရာဗယ်မှ တစ်ဆင့် ရောင်းချပေးသည့် အဆိုပါအစီအစဉ်တွင် ဗာဂျင်းဂလက်တစ် ကုမ္ပဏီက နယူးမက္ကဆီကိုပြည်နယ်မှ ပြေးဆွဲမည့် မိနစ် ၉၀ ကြာ အာကာသအနီးစပ်ဆုံး ခရီးစဉ် မစတင်မီ အမေရိကန်နိုင်ငံ၌ လေးရက်ကြာ လေ့ကျင့်ရေး သင်တန်း တက်ရောက်မှု ပါဝင်သည်။

ငါးရက်မြောက်နေ့တွင် သွားရောက်ရန် လျာထားသည့် ထိုခရီးစဉ်အတွင်း ခရီးသည်များသည် မိနစ်အနည်းငယ်ကြာ ဒြပ်ဆွဲအား ကင်းမဲ့သည့် အခြေအနေကို ကြုံတွေ့ရမည်ဖြစ်ပြီး အာကာသယာဉ်၏ ပြတင်းပေါက် ၁၇ ပေါက်မှတစ်ဆင့် ကမ္ဘာမြေကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ဘီဝိုင်ဒီလျှပ်စစ်ကား ဘရိတ်ချို့ယွင်းချက်ကို ဖြေရှင်းရန် တရုတ်နိုင်ငံရှိ အစီးရေ ၁၈၀၀၀၀ ကျော်ကို ပြန်သိမ်းမည်

**ပေကျင်း စက်တင်ဘာ ၁၉**

တရုတ်နိုင်ငံ၏ ဈေးကွက် ကြီးကြပ်ကွပ်ကဲရေးအာဏာပိုင် အဖွဲ့က လျှပ်စစ်ကားထုတ်လုပ်သည့် ဘီဝိုင်ဒီကုမ္ပဏီအနေဖြင့် ဘရိတ်နှင်းတံ အစိတ်အပိုင်း၏ ထုတ်လုပ်မှု ချို့ယွင်းချက်ကို ဖြေရှင်းရန်အတွက် နိုင်ငံအတွင်းရှိ မော်တော်ယာဉ် အစီးရေ ၁၈၀၀၀၀ ကျော်ကို ချက်ချင်း ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ် အတွင်း ထုတ်လုပ်ခဲ့သည့် အစီးရေ ၁၈၃၂၁၁ စီးရှိ ချင်နှင့်တန့် စီးရီး မော်တော်ယာဉ်များ ပါဝင်ပြီး ဘရိတ်နှင်းတံ ထိန်းချုပ်ပလတ်စတစ်တုံးများ အသုတ်လိုက် ချို့ယွင်းနေခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ အက်ကွဲခြင်း သို့မဟုတ် ပျက်စီးကျွတ်ထွက်ခြင်းများ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်ရှိနေသည်။

အဆိုးရွားဆုံး အခြေအနေများတွင် ဘရိတ်ကို မနင်းထားလျှင်ပင် ဘရိတ်မီးများ ဆက်လက်လင်းနေနိုင်ပြီး အခြားလမ်းအသုံးပြုသူများကို မှားယွင်းထင်မြင်စေကာ ဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

**Mon**

0-0-0-0-0





# ဗီယက်နမ် ခရီးသွားလုပ်ငန်းပွံ့ဖြိုးမှု စံချိန်တင်နေသော်လည်း ကျွမ်းကျင်လုပ်သား ရှားပါးချို့တဲ့မှုနှင့် ရင်ဆိုင်နေရသည်ဟု ဆို

**ဟနွိုင်း စက်တင်ဘာ ၁၉**

ဗီယက်နမ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် စံချိန်တင် နိုင်ငံတကာခရီးသွားဝင်ရောက်မှုများနှင့်အတူ လျင်မြန်စွာ တိုးတက်လျက်ရှိသော်လည်း ဟိုတယ်ဝန်ထမ်းများ၊ စားဖိုမှူးများမှသည် နိုင်ငံခြားဘာသာစကားပြော ဧည့်လမ်းညွှန်များနှင့် အထက်တန်း မန်နေဂျာများအထိ ကျွမ်းကျင်လုပ်သားချို့တဲ့မှုနှင့် ရင်ဆိုင်နေရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မလေးရှားနှင့် ထိုင်းနိုင်ငံတို့ပြီးလျှင် အရှေ့တောင်အာရှ၌ တတိယမြောက် ခရီးသွားအများဆုံးလာရောက်ရာ နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသို့ ၂၀၂၆ ခုနှစ်၏ ပထမရှစ်လအတွင်း နိုင်ငံတကာဧည့်သည် ၁၆ သန်းနီးပါး ဝင်ရောက်ခဲ့ရာ ယခင်နှစ် ကာလတူထက် ၁၄ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ဟိုတယ်များ၊ ခရီးသွားကုမ္ပဏီများ၊ သယ်ယူပို့ဆောင်ရေး၊ စားသောက်ဆိုင်များနှင့် ခရီးသွားဆွဲဆောင်ရာနေရာများအနှံ့ ဝယ်လိုအားကို မြင့်တက်စေခဲ့သည်။

ဟိုချီမင်းမြို့တစ်မြို့တည်း၌ပင် အထူးသဖြင့် အခန်းထိန်းသိမ်းရေး၊ အင်ဂျင်နီယာပိုင်း၊ အစားအသောက်ဝန်ဆောင်မှု၊ ဧည့်ကြိုလုပ်ငန်းစဉ်များနှင့် မီးဖိုချောင်ပိုင်းဆိုင်ရာ ရှေ့တန်းဝန်ထမ်းများတွင် အများဆုံးလိုအပ်လျက်ရှိ ကြောင်း သိရသည်။ **Mon**

# ဖိလစ်ပိုင်တောင်ပိုင်းတွင် ကျောင်းတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွား ကျောင်းသားသုံးဦး သေဆုံး၊ သံသယရှိသူ သေနတ်သမား ပါဝင်

**မနီလာ စက်တင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် စက်တင်ဘာ ၁၈ ရက်က ဖြစ်ပွားခဲ့သော ကျောင်းအတွင်း သေနတ်ပစ်ခတ်မှုကြောင့် ကျောင်းသားသုံးဦး သေဆုံးခဲ့ရာ ၎င်းတို့အနက် မိမိကိုယ်ကို ပြန်လည်ပစ်ခတ်ခဲ့သည်ဟု သံသယရှိသူ အသက် ၁၆ နှစ်အရွယ် သေနတ်သမားလည်း ပါဝင်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အခြားရှစ်ဦး ဒဏ်ရာရရှိခဲ့ရာ လေးဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေပြီး ထိခိုက်ခံရသူအားလုံးသည် အသက် ၁၄ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကျောင်းသားများဖြစ်သည်ဟု ပစ်ခတ်မှု ဖြစ်ပွားခဲ့သည့် တောင်ပိုင်း ကိုတာဘာတိုပြည်နယ် ဗန်ဂါမြို့ မြို့တော်ဝန် အယ်လ်ဘတ်ပါလန်စီယာက ပြောကြားသည်။




မင်ဒါနာအိုကျွန်းရှိ တောင်ပိုင်း ကိုတာဘာတိုပြည်နယ် ဗန်ဂါ အမျိုးသားအထက်တန်းကျောင်းဝင်းအတွင်း ပစ်ခတ်မှုဖြစ်ပွားနေသည်ဟူသော သတင်းပေးပို့ချက်ကို ဒေသတွင်းကယ်ဆယ်ရေးအဖွဲ့များက မွန်းလွဲ ၁ နာရီခွဲခန့်တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

**Mon**

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ

# ၁၃၈ ကြိမ်မြောက် တရုတ်သွင်းကုန်နှင့် ပို့ကုန်ကုန်စည်ပြပွဲကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုးမြို့တွင် ကျင်းပသွားမည်



**ပေကျင်း စက်တင်ဘာ ၁၉**

ကန်တွန်ပွဲတော်ဟု လူသိများသည့် ၁၃၈ ကြိမ်မြောက် တရုတ်သွင်းကုန်နှင့် ပို့ကုန်ကုန်စည်ပြပွဲကို တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်၏ မြို့တော် ကွမ်ကျိုးမြို့တွင် အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ကုန်စည်ပြပွဲသည် ကမ္ဘာ့ကုန်သွယ်ရေး အင်အားကြီးနိုင်ငံအဖြစ် တရုတ်နိုင်ငံ၏ ပေါ်ထွန်းလာမှုနှင့် ပို့ကုန်များ၏ ပိုမိုဆန်းသစ်ဆန်းပြားလာမှုကို ပေါ်လွင်စေမည်ဟုဆိုသည်။

တရုတ်နိုင်ငံသည် စက်မှုလုပ်ငန်း အဆင့်မြှင့်တင်ရေးနှင့် အဆင့်မြင့် စံချိန်စံညွှန်းမီ ဈေးကွက်ဖွင့်လှစ်ရေးတို့အတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ အကြီးမားဆုံး ယင်းကုန်သွယ်ရေးပြပွဲကြီးသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများကို တီထွင်ဖန်တီးမှုအခြေပြု တိုးတက်မှုများမှ အကျိုးအမြတ်ရရှိစေရန်နှင့် ကျယ်ပြောလှသော တရုတ်ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

## သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**လားရှိုး စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် (Kaeru Caravan)ကို စက်တင်ဘာ ၁၆ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမင်းမင်းသစ်နှင့် တပ်ဖွဲ့ဝင် ၁၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ စုစုပေါင်း ၂၈ ဦးတို့က လားရှိုးမြို့၊ အောင်မေတ္တာရပ်ကွက်ရှိ အ.ထ.က (၂) စာသင်ကျောင်း၌ ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၃၅၆ ဦးတို့အား မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဖြစ်ပွားလာပါက အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရန် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အစီအစဉ် (Kaeru Caravan) ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

**လူမော်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**နောင်ချို စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ ရဲအုပ်ဟန်ထွန်းနိုင်က ယာဉ်မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ အထူးဂရုပြုမောင်းနှင်ကြရန်နှင့် မော်တော်ဆိုင်ကယ်စီးနင်းအသုံးပြုသူများအနေဖြင့်လည်း သိသင့်သိထိုက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လမ်းလျှောက်သူများ လိုက်နာရမည့်စည်းကမ်းချက်များအား အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးသိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကာ အခမ်းအနားသို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စိတ်ထံမှ သိရသည်။

(အပေါ်ပုံ)

**(မြို့နယ်ပြန်/ဆက်)**

## ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း ဖွင့်လှစ်

**မြို့သစ် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ပြည်သူများ ဥပဒေအကြောင်းအရာနှင့်ပတ်သက်၍ အသိပညာရရှိစေရေးအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆)ကို ယမန်နေ့ မွန်းလွဲပိုင်းက ကွက်သစ်ရပ်ကွက်ရှိ ဓမ္မမဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ်ဥပဒေအရာရှိ ဦးမင်းသူက ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး မြို့နယ်ဥပဒေအရာရှိနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိတို့က ကွက်သစ်ရပ်ကွက်ရှိ ရပ်ကွက်နေ



ပြည်သူ ၁၅၀ ဦးခန့်အား ပြည်သူများ သိသင့်သိထိုက်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ဆွေးနွေးပို့ချခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက မိမိတို့သိရှိလိုသည့် ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀-၀

## လမ်းဘေးကျူးကျော်နှင့် ကျူးကျော်ဈေးဆိုင်များ ဖယ်ရှားရှင်းလင်း

**ရွှေဘို စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ လမ်းဘေးကျူးကျော်များနှင့် ကျူးကျော်ဈေးဆိုင်များကို ယမန်နေ့က ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရှင်း





လင်းဆောင်ရွက်လျက်ရှိသည်။

ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊သိဃ်ဂုဏ်ရည်လမ်း၊ လမ်းဘေးဝဲ၊ယာတွင် ကျူးကျော်ထားရှိသည်များကို ရှင်းလင်းဆောင်ရွက်ထားသလို ဘူတာလမ်းဘေးဝဲ၊ ယာတွင် ကျူးကျော်ထားသည်များကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ထားသည်။ (ဓာတ်ပုံ)

ထို့အတူ အမှတ်(၁)ရပ်ကွက်ရှိ ရဝိန္ဒာကွေ့ (မောခေါမြင်သာမြို့ထောင့်စေတီဘုရားသွားလမ်း) လမ်းဘေးဝဲ၊ ယာရောင်းချနေသော ဈေးသည် ခုနစ်ဦး၏ ကျူးကျော် ဈေးဆိုင်များကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ထားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးရှေ့တွင် ရောင်းချနေသော ဈေးသည်ငါးဦး၏ ကျူးကျော်ဈေးဆိုင်များကိုလည်း ဖယ်ရှားရှင်းလင်းထားသည်။

ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက် အကျဉ်းဦးစီးလမ်းနှင့် ပေါ်ဦးလမ်းဘေးဝဲ၊ ယာတွင် ကျူးကျော်ဈေးသည်များကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ထားကြောင်း သိရသည်။ (၃၉၄)



## အိုးဘိုကျေးရွာ၌ နေအိမ်မီးလောင်မှု ဖြစ်ပွား

**နတ်မောက် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အိုးဘိုကျေးရွာ၌ စက်တင်ဘာ ၁၇ ရက် နံနက် ၂ နာရီ မိနစ် ၄၀က ပိုင်ရှင်--၏ ၃၂ပေ × ၃၂ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်း၊ နှစ်ထပ်နေအိမ်တွင် ဘုရားစင်ရှိ အခင်းပြားပေါ်၌ ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ထားရာမှ အခင်းပြားသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် နတ်မောက်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ခြောက်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ၃၂ပေ × ၃၂ ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်း၊ နှစ်ထပ်နေအိမ်တစ်လုံး၊ ၁၆ပေ × ၁၅ပေ၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်နွားတင်းကုပ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ပိုင်ရှင်---အား နတ်မောက်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဘောနတ်ကြီးယာဉ်ရပ်နားစခန်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၁၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို အသုံးပြုသွားလာသည့် ယာဉ်မောင်းများအနေဖြင့် ကျန်းမာရေးအခြေအနေကောင်းမွန်ရန် အထူးအရေးကြီးပြီး စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ယာဉ်မောင်း၏ ကျန်းမာရေးအခြေအနေကြောင့် ဘောနတ်ကြီး ယာဉ်ရပ်နားစခန်း၌ ယာဉ်မတော်တဆမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ ရှိ ဘောနတ်ကြီး ယာဉ်ရပ်နားစခန်းအတွင်း ကားရပ်နားရာနေရာမှ ပြန်လည်ထွက်ခွာလာသည့် အနက်ရောင် KIA SELTOS SUV ယာဉ်၏ ယာဉ်မောင်းသည် ရုတ်တရက် အတက်ရောဂါဖောက်ကာ ခြေထောက်အကြောများ တောင့်တင်းပြီး ယာဉ်၏ လီဗာကို ဖိနင်းမိခဲ့သည်။

ထိုသို့ လီဗာကို ဖိနင်းမိရာမှ ယာဉ်အရှိန်ကို မထိန်းနိုင်တော့ဘဲ ယာဉ်ရပ်နားစခန်းရှိ ပလက်ဖောင်းအုတ်ခုံကို ကျော်တက်ကာ ယာဉ်ရပ်နားရန် ဆောက်လုပ်ထားသည့် သွပ်မိုးအဆောက်အအုံနှင့် ပန်းအုတ်ခုံတို့ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသည့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အမြန်လမ်းမကြီး အသုံးပြုသည့် ယာဉ်မောင်းများအနေဖြင့် ကျန်းမာရေးအခြေအနေ ကောင်းမွန်ရန် အထူးအရေးကြီးကြောင်း အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က အသိပေးထားသည်။

အထူးသဖြင့် အတက်ရောဂါရှိသူ၊ နှလုံးရောဂါရှိသူ၊ အိပ်ပျော်နေစဉ် အသက်ရှူရပ်တန့်မှုရောဂါ (OSA) ရှိသူ၊ မျက်စိအမြင် အားနည်းသူနှင့် အာရုံကြောအားနည်းသူများအနေဖြင့် သက်ဆိုင်ရာ ဆရာဝန် (သို့မဟုတ်) ကျန်းမာရေးဝန်ထမ်းများ၏ ခွင့်ပြုချက်ရရှိမှသာ ယာဉ်မောင်းနှင်ကြရန် အဆိုပါအဖွဲ့က အသိပေးထားကြောင်း သိရသည်။ (ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား ဂုဏ်ပြုကြိုဆို

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ မဟာနွယ်စဉ်ရပ်ကွက်၊ စကြာနွယ်စဉ် ရပ်ကွက်များမှ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၅)



တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား ဂုဏ်ပြုကြိုဆိုပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက ဟေမမာလာမြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (ဓါတ်ပုံ)

အဆိုပါ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၅)တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ မဟာနွယ်စဉ်ရပ်ကွက်၊ စကြာနွယ်စဉ်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေ ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး နိုင်ငံ့တာဝန်များကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းသုံးဦးအား ဂုဏ်ပြုဆုငွေနှင့် ဆန်၊ ဆီများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ (ဝ၅၆)

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးလုပ်သားမွမ်းမံသင်တန်း ဖွင့်လှစ်

**တောင်တွင်းကြီး စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးလုပ်သား မွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ဆောင်ရွက်ခဲ့ရာ ကျန်းမာရေး လုပ်သား ၂၀ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် စိတ်ပါဝင်စားပြီး တက်ကြွလှုပ်ရှားမှုအားကောင်းသော တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၂၀ ဦး ကို အရည်အသွေးမြင့်မားစေရန် အတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိဒေါက်တာ စိုးမိုးဝင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် သင်တန်းကို ဆက်လက်ပို့ချပေးခဲ့ရာ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက် ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**နောင်နောင်(မိဿနိုးမြေ)**



## ဆုံစည်းရာ ဆွမ်းလောင်းအသင်း (၂၁၈) ကြိမ်မြောက် ဆွမ်းလောင်းလှူ



**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း၆၀ နှင့် ၂၈ B လမ်းထောင့်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၁၈)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၅ နာရီခွဲက အဆိုပါ အသင်းရုံးရှေ့တွင် ကျင်းပရာ လေးပြင်၊လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင် လူငယ်မောင်မယ်များက အရဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။

(၂၁၈)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော (ဖခင်ကြီး) ဦးကိုးအောင်+(မိခင်ကြီး)ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သား၊ တပည့်များ မိသားစု၊ ကိုလှိုင်မြင့် (စတီးဆိုင်)မိသားစု၊ ကိုကျော်မျိုးထွန်း (ပတ္တမြားသုခ)မိသားစု၊ အောင်မြန်မာလျှပ်စစ် မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း) မိသားစု၊ ရှမ်းဌာနေ(စားသောက်ဆိုင်)မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ (ညီမ)ဆရာမကြီး ဒေါ်နုနုရီ(CAE)ပညာရေး မိသားစု၊ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ခင်အုန်း မိသားစု၊ ဦးခင်မောင်ရီ (ဇနီး)မိသားစု၊ ဒေါ်ဖြူဖြူဝင်း မိသားစု၊ ဦးကျော်တင့်+ဒေါ်မြတ်မြတ်သန်း မိသားစု၊ အေးချမ်းအောင်မြင်ရဲမွန်တောင်ကျောင်းဆရာတော်တို့က မ,တည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသင်းကြီးသို့ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၆၅၁၈၄၇၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (အပေါ်ဓါတ်ပုံ)

**(မန္တလေးနေ့စဉ်-၁)**

## မိုးရာသီ ကျောင်းတွင်းအသင်းလိုက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မြစ်သား စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မဟာပျိုးခင်းကိုယ်ပိုင်အထက်တန်းကျောင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မိုးရာသီ ကျောင်းတွင်းအသင်းလိုက် (အမျိုးသား)ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်အားကစားကွင်းတွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲကို ကျောင်းသား၊ ကျောင်းသူ အားကစားသမားများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းသီဆို၍ အားကစားသမားများက သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြပြီး မဟာပျိုးခင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်က အမှာစကားပြောကြားရာတွင် အားကစားသမား လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် စည်းလုံးညီညွတ်ပျော်ရွှင်စွာ အနိုင်၊ အရှုံး ပဓာနမထားဘဲ အားကစားစိတ်ဓာတ်ဖြင့် ကစားကြရန် ပြောကြားခဲ့သည်။

ထို့နောက် အနော်ရထာအသင်းနှင့် ဘုရင့်နောင်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားခဲ့ရာ အနော်ရထာအသင်းက သုံးဂိုးရရှိပြီး ဘုရင့်နောင်အသင်းက ဂိုးမရရှိ၍ အနော်ရထာအသင်းမှ အနိုင်ရရှိခဲ့ကြောင်း မဟာပျိုးခင်းကိုယ်ပိုင်အထက်တန်းကျောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ (အောက်ပုံ)

**ဝါဝါမြင့်(မြစ်သား)**



## ပူတာအိုမြို့နယ်၊ မူလာအွန်ကျေးရွာ၌ RBF လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပူတာအို စက်တင်ဘာ ၁၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကျေးလက်နေ ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် စနစ်ကျသော မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် မူလာအွန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။ (အောက်ပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် အဆိုပါကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းနှင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဇွမ်ဇိုအဖွဲ့၊ နမ်မာဂန်အဖွဲ့၊ ဘရန်မိုင်ဝမ်ဒုံအဖွဲ့နှင့် ကော်မီအဖွဲ့ အဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါကျေးရွာ၌ (RBF) စီမံကိန်းခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါကျေးရွာရှိ စနစ်ကျသော မွေးမြူရေးလုပ်ကိုင်သူများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သည့် အရင်းအနှီးရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ RBF စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး စနစ်ကျသောမွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

## သပိတ်ကျင်းမြို့နယ်၊ မြို့မဈေးအတွင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သပိတ်ကျင်း စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ မြို့မဈေးအတွင်းတွင် ယနေ့ နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

သပိတ်ကျင်းမြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ မြို့မဈေးဝင်းအတွင်းရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်းတို့ စုပေါင်းဆောင်ရွက်ခဲ့ကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ အာဘီလိုအာ ဖူလ်ဟမ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ



**လန်ဒန် စက်တင်ဘာ ၁၉**

ဖူလ်ဟမ်အသင်းသည် လက်ရှိအချိန် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ အာဘီလိုအာကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ဖူလ်ဟမ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၄)ပွဲကစား ရမှတ် တစ်မှတ်သာ ရရှိထားပြီး အဆင့် ၁၈ နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ အာဘီလိုအာကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ အာဘီလိုအာသည် ဖူလ်ဟမ်အသင်းကို ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၇ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ခြောက်ပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ အာဘီလိုအာ အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဖူလ်ဟမ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## လူကာဗိုဇာ ရှော်လ်ကေးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**မြူးနစ် စက်တင်ဘာ ၁၉**

ရှော်လ်ကေးအသင်းသည် ကွင်းလယ်ကစားသမား လူကာဗိုဇာကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည့်အပြင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ရှော်လ်ကေးအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ရှော်လ်ကေးအသင်းထုတ်ပြန်ချက်တွင် "လူကာဗိုဇာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နောက်ထပ် ကစားသမားတွေ သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ) (NGB)**

## ရိုဒရီဂိုကို ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၉**

ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ရိုဒရီဂိုကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ် အရွယ်ရှိ တောင်ပံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ၂၉၇ပွဲကစားကာ ၇၁ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ရိုဒရီဂို ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းထံမှ ရိုဒရီဂိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)



## ဘိုင်ယန်မြူးနစ်အသင်းက ယူနီယံဘာလင်အသင်းကို ခုနစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**မြူးနစ် စက်တင်ဘာ ၁၉**

ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် ယူနီယံဘာလင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘိုင်ယန်မြူးနစ်အသင်းက ယူနီယံဘာလင်အသင်းကို ခုနစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးခုနစ်ဂိုးကို ပွဲချိန် ၁၈မိနစ်တွင် မူစီယာလာ၊ ပွဲချိန် ၃၉မိနစ်နှင့် ၅၄မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၄၃မိနစ်၊ ၇၃မိနစ်နှင့် ၇၆မိနစ်တွင် အိုလီစီ၊ ပွဲ ချိန် ၇၀မိနစ်တွင် ဆိုင်ဘာရီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၀ရက်တွင် အော့စ်ဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ယာပုံ) (NGB)



### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၉-၂၀၂၆ ည ၈း၀၀ နာရီ | လေဗာကူဆင် - လိုက်ပဇစ် | လေဗာကူဆင် ၄-၁ လိုက်ပဇစ်<br>လိုက်ပဇစ် ၁-၃ လေဗာကူဆင် |
| ၂၀-၉-၂၀၂၆ ည ၁၀း၀၀ နာရီ | ရှော်လ်ကေး - အဲလ်ဟစ်ဘက် | ———— |
| ၂၁-၉-၂၀၂၆ နံနက် ၀၀း၀၀ နာရီ | ပါဒါဘွန်း - ဟော်ဖန်ဟိမ်း | ပါဒါဘွန်း ၁-၁ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၃-၀ ပါဒါဘွန်း |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၉-၂၀၂၆ ည ၇း၃၀ နာရီ | ဘုန်းမောက် - လီတာပူး | ဘုန်းမောက် ၃-၂ လီတာပူး<br>လီတာပူး ၄-၂ ဘုန်းမောက် |
| ။ | လီဒ်စ် - ပဲလေ့စ် | လီဒ်စ် ၄-၁ ပဲလေ့စ်<br>ပဲလေ့စ် ၀-၀ လီဒ်စ် |
| ။ | မန်စီးတီး - ဆန်းဒါးလန်း | မန်စီးတီး ၃-၀ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၀-၀ မန်စီးတီး |
| ၂၀-၉-၂၀၂၆ ည ၁၀း၀၀ နာရီ | ဖူလ်ဟမ် - မန်ယူ | ဖူလ်ဟမ် ၁-၁ မန်ယူ<br>မန်ယူ ၃-၂ ဖူလ်ဟမ် |

### အင်္ဂလိပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၉-၂၀၂၆ ညနေ ၅း၃၀ နာရီ | ဝုဲ - ဝက်စ်ဘရွန်း | ———— |
| ၂၀-၉-၂၀၂၆ ည ၇း၀၀ နာရီ | နော့ဝစ်ချ် - ဘော်လ်တန် | နော့ဝစ်ချ် ၃-၂ ဘော်လ်တန်<br>ဘော်လ်တန် ၀-၄ နော့ဝစ်ချ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၉-၂၀၂၆ ညနေ ၆း၃၀ နာရီ | ဂီတာဖေး - မာလာဂါ | ဂီတာဖေး ၁-၀ မာလာဂါ<br>မာလာဂါ ၀-၁ ဂီတာဖေး |
| ၂၀-၉-၂၀၂၆ ည ၈း၄၅ နာရီ | အက်သလက်တီကို - ရီးရဲလ်မက်ဒရစ် | အက်သလက်တီကို ၅-၂ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ३-၂ အက်သလက်တီကို |
| ၂၀-၉-၂၀၂၆ ည ၁၁း၀၀ နာရီ | ဒီပို့တီဗို - ဘက်တစ် | ဒီပို့တီဗို ၀-၁ ဘက်တစ်<br>ဘက်တစ် ၂-၁ ဒီပို့တီဗို |
| ။ | ဗီလာရီးရဲလ် - လီဗန်တေး | ဗီလာရီးရဲလ် ၅-၁ လီဗန်တေး<br>လီဗန်တေး ၀-၁ ဗီလာရီးရဲလ် |
| ၂၁-၉-၂၀၂၆ နံနက် ၀၁း၃၀ နာရီ | ဗလင်စီယာ - ဆိုစီဒက် | ဗလင်စီယာ ၁-၁ ဆိုစီဒက်<br>ဆိုစီဒက် ၃-၄ ဗလင်စီယာ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၉-၂၀၂၆ ည ၇း၃၀ နာရီ | အော်ဇေး - ဘရက်စ် | အော်ဇေး ၃-၀ ဘရက်စ်<br>ဘရက်စ် ၂-၀ အော်ဇေး |
| ၂၀-၉-၂၀၂၆ ည ၉း၄၅ နာရီ | နိစ် - လိုင်လီ | နိစ် ၂-၀ လိုင်လီ<br>လိုင်လီ ၀-၀ နိစ် |
| ၂၀-၉-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | မာဆေးလ် - ပီအက်စ်ဂျီ | မာဆေးလ် ၁-၀ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၅-၀ မာဆေးလ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၀-၉-၂၀၂၆ ညနေ ၅း၀၀ နာရီ | ဖီအိုရင်တီးနား - နာပိုလီ | ဖီအိုရင်တီးနား ၁-၃ နာပိုလီ<br>နာပိုလီ ၂-၁ ဖီအိုရင်တီးနား |
| ၂၀-၉-၂၀၂၆ ညနေ ၇း၃၀ နာရီ | ဖရိုစီနုံ - ကိုမို | ———— |
| ။ | ပါးမား - ဂျီနိုအာ | ပါးမား ၀-၀ ဂျီနိုအာ<br>ဂျီနိုအာ ၀-၀ ပါးမား |
| ၂၀-၉-၂၀၂၆ ညနေ ၁၀း၃၀ နာရီ | ဂျူဗင်တပ် - အတ္တလန်တာ | ဂျူဗင်တပ် ၁-၁ အတ္တလန္တာ<br>အတ္တလန္တာ ၀-၁ ဂျူဗင်တပ် |
| ၂၁-၉-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | အေစီမီလန် - လက်ချီ | အေစီမီလန် ၁-၀ လက်ချီ<br>လက်ချီ ၀-၂ အေစီမီလန် |



# ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင် ၁၇၁ ဦး စုပေါင်းသွေးလှူ

**မန္တလေး စက်တင်ဘာ ၁၉**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က ယနေ့နံနက် ၇ နာရီခွဲမှစ၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းငွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးလှမျိုး၊ စည်ပင်သာယာရေးဝန်ကြီး ဦးခင်မောင်အေး၊ တိုင်းဥပဒေချုပ် ဦးလှသိန်း၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များမှ အရာရှိများ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ သွေးလှူဘဏ်တာဝန်ခံပါမောက္ခဒေါက်တာနီလာဝင်း၊ အထူးကုဆရာဝန် ဒေါက်တာစုလိုင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် စုစုပေါင်း ၂၇၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

သွေးလှူဒါန်းပွဲတွင် ရဲတပ်ဖွဲ့ဝင် ၁၄၄ ဦးနှင့် မိသားစုဝင် ၂၇ ဦး၊ စုစုပေါင်း ၁၇၁ ဦးတို့အား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပြီး သွေးဖောက်လှူဒါန်းမှုကို လက်ခံဆောင်ရွက်ခဲ့ကြသည်။

တာဝန်ရှိသူများက သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး အာဟာရဖြည့်စားစရာများ၊ ရေသန့်၊ သံဓာတ်အားတိုးဆေးနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် သွေးလှူရှင်များကိုယ်စား သွေးအိတ်များကို မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

*-*-*-*-*

# အခြေခံပညာအထက်တန်းကျောင်း၊ ခရေဆောင်တွင် လူငယ်စကားဝိုင်း ကျင်းပ

**မိုင်းရှူး စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၊ ခရေဆောင်ခန်းမ၌ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**



ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးလေးယုက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် Grade-11 မှ မောင်သူရဇင်က လူငယ်နှင့်အားကစား၊ Grade-11 မှ မနှင်းနွယ်နီဆွေက လူငယ်နှင့်ဘာသာရေး၊ Grade-11 မှ မောင်ကောင်းမြတ်ကျော်က လူငယ်နှင့်နည်းပညာ၊ Grade-10 မှ မစံထားမယ်က လူငယ်နှင့်စာပေ၊ Grade-10မှ မသွန်းရွှေစင်က လူငယ်နှင့်ကျန်းမာရေး စသည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဆွေးနွေးသွားသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးစသည့် အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် စက်တင်ဘာ ၁၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၁၉ ဒသမ ၅၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-တံတားဦးလမ်းမှ ညောင်ရွှေ-ကြက်လျှာလမ်း(၀·၄၀၂ km × ၃·၆၆ m ×၃၇၅ mm) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)က ကတ္တရာလမ်းခင်းရာတွင် အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၈၅)**



# ပင်ထောင်မြေပဲ(ခေါ်)သုံးလမြေပဲများ ဆက်လက်စိုက်ပျိုး

**ညောင်ဦး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ မိုးရွာသွန်းလာခြင်းနှင့်အတူ ကျေးလက်တောင်သူများ ပင်ထောင်မြေပဲ (ခေါ်)သုံးလမြေပဲများ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိတောင်ဘကျေးရွာ ပင်ထောင်မြေပဲစိုက်ပျိုးတောင်သူ ဦးတင်စိုးထံက သိရသည်။

ညောင်ဦးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းမိုးခေါင်ရပ်ဝန်းဒေသတွင်ပါဝင်ပြီး တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှုသည် မိုးရေချိန်လက်မ ၂၀ ပတ်ဝန်းကျင်သာ ရွာသွန်းလေ့ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အားကောင်းသည့်မုန်တိုင်းဝင်ရောက်မှုကြောင့်သာ အဖျားခတ်၍ မိုးရွာသွန်းလေ့ရှိကြောင်း၊ ယခုနှစ်တွင် မိုးဦးမိုးရွာသွန်းမှု မရှိသလောက်ရှိခဲ့ပြီး ဆီထွက်နှမ်းစိုက်ပျိုးမှုမရှိသလောက် နည်းပါးခဲ့သည်။

ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ဒုတိယပတ်တွင် မိုးရွာသွန်းလာခြင်းနှင့်အတူ ကျေးလက်တောင်သူများ ပင်ထောင်မြေပဲ (ခေါ်) သုံးလမြေပဲများ ဆက်လက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၈၁)**

# အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိုင်းယန်း စက်တင်ဘာ ၁၉**

တစ်မျိုးသားလုံး ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရွက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ယောကန်ရပ်ကွက်အတွင်းရှိ မြို့မအားကစားဘောလုံးကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများက အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မိုင်းယန်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက အဖွင့်အမှာစကားနှင့် ပွဲစဉ်တစ်လျှောက် ယှဉ်ပြိုင်ကစားကြရာတွင် အသင်းသားအချင်းချင်း စည်းလုံးမှုညီညွတ်ပြီး အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားစေလိုကြောင်း မှာကြား၍ ပါဝင်ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အားကစားဘောလုံးများ ပေးအပ်ခဲ့သည်။ ထို့နောက် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ပြီး ကျောင်းသူလေးများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် အလှူရှင်များမှ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။



အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနေ့တွင် ဝန်ထမ်းပေါင်းစုံအသင်းနှင့် ပါမိုင်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားပွဲအား မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဘောလုံးကန်၍ စတင်ပေးခဲ့သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲတွင် စုစုပေါင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)၊ အုပ်စု(ခ) သတ်မှတ်၍ စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်



**တောင်ကြီး စက်တင်ဘာ ၁၉**

တောင်ကြီးမြို့၌ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

အဆိုပါပွဲတော်အတွင်း မီးပုံးပျံပြိုင်ပွဲများကို တောင်ကြီးမြို့ရှိ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ဆုပေးပွဲကို နိုဝင်ဘာ ၂၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

မီးပုံးပျံပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်စာရင်းများကို စက်တင်ဘာ ၁၇ ရက်မှစတင်၍ အဝေရာမီးပုံးပျံကွင်း၌ လာရောက်ပေးသွင်းနိုင်မည်ဖြစ်ပြီး စာရင်းပိတ်မည့်ရက်ကို သတ်မှတ်ပြီးပါက ထပ်မံကြေညာပေးသွားမည်ဖြစ်သည်။

ထို့အပြင် ယခုနှစ် မီးပုံးပျံပြိုင်ပွဲများကို ယခင်နှစ်များက ကျင်းပခဲ့သည့် ပြိုင်ပွဲအမျိုးအစားများအတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ပွဲတော်ကျင်းပရန် နီးကပ်လာပြီဖြစ်သဖြင့် ယခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံအဖွဲ့များက မီးပုံးပျံပြုလုပ်ခြင်းနှင့်ယမ်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယခုနှစ်တွင် ၂၀၂၅ ခုနှစ်ကထက် ပြိုင်ပွဲဝင်မီးပုံးပျံအရေအတွက် ပိုမိုများပြားလာနိုင်ကြောင်း မီးပုံးပျံအဖွဲ့များထံမှ သိရပြီး ယမန်နှစ် မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံ စုစုပေါင်း အလုံးရေ ၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်သည် ဒေသခံပြည်သူများနှင့် လာရောက်လည်ပတ်သူများ စိတ်ဝင်စားမှုရှိသည့် ရိုးရာပွဲတော်တစ်ရပ်ဖြစ်ပြီး မီးပုံးပျံလွှတ်တင်ပြိုင်ပွဲများနှင့်အတူ ရိုးရာယဉ်ကျေးမှုဆိုင်ရာအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပလေ့ရှိသည်။

ပွဲတော်ကာလအတွင်း နေ့လွှတ်၊ ညလွှတ်မီးပုံးပျံပြိုင်ပွဲများအပြင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတော်နှင့် ညဘက်မီးပဒေသာလှည့်လည်ပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)



## တရုတ်အမျိုးသမီးအသင်းက စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၉**

ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့က ဦးစီး၍ မန္တလေးမြို့ တရုတ်အမျိုးသမီးအသင်းက (၁၃)ကြိမ်မြောက် အဋ္ဌမပတ် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၆ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ အဆိုပါဘုရားကျောင်းရှေ့တွင် ကုသိုလ်ပြုလောင်းလှူကြသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူရာတွင် ဒဟတ္တောကျောင်းတိုက်မှ သံဃာအပါး ၄၀၊ သင်္ဂဇာကျောင်းတိုက်မှ သံဃာအပါး ၄၀၊ မဟာဝေယံဘုံသာကျောင်းတိုက်မှ သံဃာအပါး ၈၀နှင့် ပတ္တမြားကျောင်းတိုက်မှ သံဃာအပါး ၄၀၊ စုစုပေါင်းသံဃာတော်အပါး ၂၀၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ တရုတ်အမျိုးသမီးအသင်းက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀

# ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်ရက်စွဲနှင့် သက်တမ်းကုန်ရက်စွဲများ ပြည့်စုံစွာပါရှိရေး အသိပညာပေး

**မန္တလေး စက်တင်ဘာ ၁၉**

ကုန်စည်များတွင် ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲများ ပြည့်စုံစွာဖော်ပြရေးအသိပညာပေးဆွေးနွေးပွဲ ဒုတိယအကြိမ်ကို စက်တင်ဘာ ၁၇ရက်တွင်လည်းကောင်း၊ တတိယအကြိမ်ကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင်လည်းကောင်း ပြည်ကြီးတံခွန်မြို့နယ်ရှိ စားသောက်ကုန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ထုတ်ကုန်နှင့်လုံခြုံစိတ်ချရမှုဌာနခွဲမှ စစ်ဆေးရေးအရာရှိများသည် စားသောက်ကုန်အသင်းဝင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကုန်စည်များတွင် ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်း ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် စားသုံးသူကာကွယ်ရေးဥပဒေများနှင့် ညွှန်ကြားချက်များအရ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဩဂုတ်လအထိ လုပ်ငန်းရှင် ၁၀၁၉ ဦး၊ ကုန်ပစ္စည်းအမျိုးအစားပေါင်း ၃၇၁၃ မျိုးအား ကုန်ညွှန်းအမှတ်အသားဆိုင်ရာ စိစစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစတင်၍ စားသုံးသူများ လုံခြုံစိတ်ချရသည့် ကုန်စည်များရွေးချယ်ဝယ်ယူနိုင်ရေးနှင့် လုပ်ငန်းရှင်များ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် စက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့နှင့်ပူးပေါင်းကာ ၎င်းတို့ဌာနတွင် မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်များအား ခေါ်ယူ၍ ဈေးကွက်မရောက်မီစစ်ဆေးခြင်းဖြင့် မိမိတို့ထုတ်လုပ်သည့်ကုန်စည်များပေါ်တွင် ကုန်ညွှန်းအမှတ်အသားဖော်ပြချက်များနှင့်အညီ ကိုက်ညီမှုရှိစေရေးအတွက် အရှိန်အဟုန်မြှင့် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနေသည့် ကုန်စည်အချို့၌ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲများကို ထပ်ပိုးလွှာ(Sticker) များဖြင့် ကပ်နှိပ်ရောင်းချနေသည်ကို စိစစ်တွေ့ရှိရသဖြင့် ထိုသို့ စတစ်ကာကပ်ခြင်းကို သီးခြားခွင့်ပြုထားခြင်းမရှိကြောင်းနှင့် ကုန်စည်ပေါ်တွင် တိုက်ရိုက်ရိုက်နှိပ်ခြင်း (သို့မဟုတ်)ပုံသွင်းခြင်းဖြင့်သာ ဖော်ပြရမည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ အသိပညာပေးကာလအဖြစ် သတ်မှတ်ထားပြီး ၎င်းကာလနောက်ပိုင်း သတ်မှတ်ထားသောညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် အားနည်းသော(သို့မဟုတ်) လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သောလုပ်ငန်းရှင်များကို စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀

# မိုးပြောင်းဖူး ၂၈၄၄ ဧက စိုက်ပျိုး၊ စတင်ရိတ်သိမ်းလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၉**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မိုးပြောင်းဖူးသီးနှံ ၂၈၄၄ ဧက စိုက်ပျိုးခဲ့ပြီး လက်ရှိတွင် စတင်ရိတ်သိမ်းနေကာ တစ်ဖူးလျှင် လက်ကားဈေး ငွေကျပ် ၄၀၀ ဝန်းကျင်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများနှင့် တောင်သူများထံမှ သိရသည်။

ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသဖြစ်သည့်အတွက် သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ယခုနှစ် မိုးပြောင်းဖူးစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၈၀၈ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၇၆၁ ဧကနှင့် မြစ်သားမြို့နယ်တွင် ၂၇၅ ဧက စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် စဉ့်ကိုင်မြို့နယ်၌ ၇၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မိုးပြောင်းဖူးတွင် သကြားပြောင်းမျိုးကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် ပြောင်းဖူးစေ့ ရှစ်ပြည်ခန့် အသုံးပြုရကာ မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၇၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးကြသည်။

မေလတွင် စိုက်ပျိုးခဲ့သည့် မိုးပြောင်းဖူးများမှာ ဩဂုတ်လမှစတင်၍ ထွက်ရှိလာခြင်းဖြစ်ပြီး တစ်ဧက စိုက်ပျိုးစရိတ်မှာ မျိုး၊ သွင်းအားစုနှင့် လုပ်သားခ အပါအဝင် ငွေကျပ် ခြောက်သိန်းခန့် ကုန်ကျသည်။

တစ်ဧက အထွက်နှုန်းအနေဖြင့် ပြောင်းဖူး ၄၀၀၀ မှ ၄၅၀၀ ခန့် ထွက်ရှိပြီး လက်ကားဈေးကွက်တွင် တစ်ဖူးလျှင် ငွေကျပ် ၄၀၀ ဝန်းကျင်ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ပြုတ်ပြီးသားပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၇၀၀ မှ ငွေကျပ် ၈၀၀ အထိ ရောင်းချနေသည်။

ပြောင်းဖူးများကို ပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့ရှိ ကုန်စိမ်းသီးနှံပွဲရုံများသို့ ပြန်လည်ရောင်းချကြသည်။

ပြောင်းဖူးကို သရေစာအဖြစ် စားသုံးကြသည့်အပြင် ပြောင်းဖူးကြော်၊ ပြောင်းဖူးသုပ်နှင့် ပြောင်းဖူးထောင်း စသည့် အစားအစာများအဖြစ်လည်း စားသုံးကြသည်။

တောင်သူတစ်ဦး၏ ပြောကြားချက်အရ တစ်ဧက စိုက်ပျိုးစရိတ်နုတ်ပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ခုနစ်သိန်းခန့် ရရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ - ၃၆

မန္တလေးတစ်ခိုမှာ ၂၈-၃-၂၀၂၅ ရက်က အင်အားပြင်းငလျင်ကြီး လှုပ်ခတ်ဖျက်ဆီးမှုကြောင့် ဘုရားပုထိုးစေတီကျောင်းကန်များစွာ ထိခိုက်ပျက်စီးခဲ့ရပါတယ်။ အဲ့ဒီပျက်စီးမှု အခြေအနေကို ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိသူများက အချိန်နဲ့တစ်ပြေးညီ သွားရောက်စစ်ဆေးမှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ကြရပါတယ်။ သုတေသနဝန်ထမ်းများရဲ့ ပျက်စီးခြင်းကို မှတ်တမ်းတင်အပြီးမှာ ပြန်လည်ထူထောင်ရေးအတွက် အပျက်အစီးများကို နိုင်ငံတော် အစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း ရှင်းလင်းကြရပါတယ်။ ပြိုပျက်နေတဲ့ စေတီပုထိုးများရဲ့ အပျက်အစီးများကို ရှင်းလင်းကြတဲ့အခါ ခေတ်အဆက်ဆက် ထည့်သွင်း လှူဒါန်းခဲ့ကြတဲ့ ဌာပနာအမွေအနှစ်များကို တွေ့လာခဲ့ကြရပါတယ်။

ဒီနေရာမှာ ရှင်းလင်းကြသူများရဲ့ အတွေ့အကြုံရယ်၊ စေတနာရယ်၊ ကျွမ်းကျင်မှုများအပေါ်မူတည်လို့ ဌာပနာအမွေအနှစ်များရဲ့ ပျက်စီးမှုကွာခြားသွားပါတယ်။ အပြိုအပျက်ကို ရှင်းသွားရင်ပြီးရောဆိုပြီး မြေတူးမြေကော်စက်ကြီးများနဲ့ ရှင်းလင်းကြတဲ့အခါဖြစ်စေ၊ အတွေ့အကြုံနည်းပါးတဲ့ လုပ်အားပေး အဖွဲ့အစည်းများနဲ့ ရှင်းလင်းကြတဲ့အခါဖြစ်စေ ဌာပနာများဟာ ဝမ်းနည်းစရာကောင်းလောက်အောင် အပျက်အစီးများပြားတာကို တွေ့ခဲ့ရပါတယ်။

ဒီနေရာမှာ လူအားနဲ့ ရှင်းလင်းတာဖြစ်သော်လည်း စေတနာအားနည်းတဲ့ အခါမျိုးမှာလည်း အပျက်အစီးများတာကို တွေ့ရသလို ကျွမ်းကျင်တဲ့ စေတနာပါတဲ့ လူများနဲ့တွေ့ရင်တော့ အပျက်အစီးနည်းပါးတာကို တွေ့ကြရပါတယ်။

ကျွန်တော်တို့ ရှေးဟောင်းသုတေသနဌာနက လေ့ကျင့်ထားတဲ့ အတွေ့အကြုံများတဲ့ ဝန်ထမ်းများဆိုရင်တော့ ဌာပနာတွေ တွေ့ပြီဆိုတာနဲ့ သက်ဆိုင်ရာဘုန်းတော်ကြီးများ၊ ဂေါပကအဖွဲ့များကို အကြောင်းကြားခေါ်ယူပြီး သူတို့ရှေ့မှာပဲ အပျက်အစီးမရှိအောင် ဖြည်းဖြည်းချင်း ထုတ်ယူတာမျိုး၊ မှတ်တမ်းတင်တာမျိုး လုပ်ကြရပါတယ်။

သို့သော် အခုကြုံတွေ့ရတဲ့ ငလျင်ကြီးရဲ့ ဖျက်စွမ်းအားက ကြီးမားလွန်းပြီး အပျက်အစီးကလည်း အလွန်များလွန်းတော့ အထက်မှာ တင်ပြခဲ့သလို ကျွမ်းကျင်တဲ့သူများနဲ့ ဖြည်းဖြည်းချင်း ထုတ်ယူဖို့ဆိုတာ မဖြစ်နိုင်တော့ပါ။ ဒါကြောင့်လည်း ပျက်စီးနေတဲ့ ဌာပနာအမွေအနှစ်များကို တွေ့ရတဲ့အခါ စိတ်မကောင်းပေမယ့် ကမ္ဘာသကာလို့ပဲ ဖြည့်တွေး တွေးရပါတော့တယ်။

ဒီနေရာမှာ တခုတ်တရ မှတ်တမ်းတင်ထားခဲ့တဲ့ အမရပူရမြို့ရဲ့ အထင်ကရဖြစ်သော တောင်သမန်အင်းစပ်မှာ ပုဂံမင်းတည်ထားခဲ့တဲ့ တောင်သမန် ကျောက်တော်ကြီးဘုရားဌာပနာအမွေအနှစ်တွေ ထုတ်ယူကြပုံလေးကို အခြားသော ဘုရားစေတီများ နမူနာယူကြစေဖို့ ပြန်ပြောင်းပြောပြပါရစေ။ တောင်သမန် ကျောက်တော်ကြီးဟာ အမရပူရခေတ်ရဲ့ တစ်ဖန်ပြန်ပြီး ဆန်းသစ်ထားတဲ့ လိုဏ်ခံကွမ်းတောင် ပေါက်စေတီတော်တစ်ဆူ ဖြစ်ပါတယ်။

အင်အားပြင်းငလျင်ကြီးကြောင့် ကွမ်းတောင်အခြေမှာ အကြီးအကျယ် ထိခိုက်ခဲ့ရပါတယ်။ မြေပြင်ကအမြင်မှာ ကွမ်းတောင်ကို သိပ်ကြီးတယ်လို့ မထင်ရပေမယ့် ပကတိကတော့ အရွယ်အစားအတော်ကြီးပါတယ်။

အဲ့ဒါလောက်ကြီးတဲ့ ကွမ်းတောင်ကြီးရဲ့ အောက်ခြေကနေ အလျားလိုက် ပြတ်ထွက်သွားတဲ့ အပြင် အပေါ်ပိုင်း ကွမ်းတောင်ကြီးဟာ အံလွဲသွားပြီး ဘယ်လိုမှ ပြန်လည်ပြုပြင်ထိန်းသိမ်းလို့ မရလောက်အောင် ပျက်စီးသွားခဲ့ပါတယ်။ ဒါကြောင့်လည်း သက်ဆိုင်ရာပညာရှင်များရဲ့ ဆုံးဖြတ်ချက်နဲ့အညီ လူအားနဲ့ ဖျက်ချဖို့အခြေအနေ ဖြစ်လာပါတယ်။ ဒါကြောင့် ရွာထဲက စေတနာရှင် လုပ်အားပေးလူငယ်တွေက ဘုရားအထက်ပိုင်း ကွမ်းတောင်ခြေအထိတက်ပြီး ငြမ်းဆင်ကာ ကွမ်းတောင်ထိပ်ပိုင်းကနေစလို့ ဆယ်ပေါင်တူနဲ့ ဖြည်းဖြည်းချင်းထုပြီး ဖျက်ချရပါတယ်။

ဆယ်ပေါင်တူ တစ်ချက်ထုလိုက်တိုင်း လိုဏ် သံဟိန်းပြီး တုန်ခါနေလို့ ရင်တထိတ်ထိတ်နဲ့ အတော်သတိထားပြီး ဆောင်ရွက်ကြရပါတယ်။ အဲ့ဒီလိုနဲ့ ကွမ်းတောင်ထိပ်ပိုင်းမှာစီပြီး အလွှာလိုက် တည်ဆောက်ထားခဲ့တဲ့ အမရပူရခေတ် အုတ်ချပ်ကြီးတွေကို ဆယ်ပေါင်တူနဲ့ ထုခွဲရိုက်ဖျက်လာလိုက်တာ တဖြည်းဖြည်းနဲ့ ဌာပနာတိုက်ကြီးကို မမျှော်လင့်ဘဲ ဘွားကနဲ တွေ့တယ်ဆိုတဲ့ အကြောင်း လုပ်အားပေးတွေက အော်ပြီးသတင်းပို့လာကြပါတယ်။

အဲ့ဒီလို သတင်းပို့သံလည်းထွက်လာရော သက်ဆိုင်ရာဂေါပကတွေနဲ့ ဩဝါဒါစရိယဆရာတော်တွေက ခဏရပ်ဖို့ ဦးစွာပြောကြပါတယ်။ ပြီးတော့ ဂေါပကအဖွဲ့ဝင်တစ်ဦးကိုယ်တိုင် ဘုရားပေါ်တက်သွားပြီး သေချာနေရာယူလို့ သူ့တယ်လီဖုန်းနဲ့ ဗီဒီယိုစပြီးရိုက်သလို အောက်ကပုဂ္ဂိုလ်များဆီကိုလည်း အချိန်နဲ့တစ်ပြေးညီ Live လွှင့်ပေးပါတယ်။

ဒါကြောင့် တွေ့လာတဲ့ဌာပနာပစ္စည်းတွေကို မပျက်စီးရအောင် အထက်နဲ့အောက် ဟန်ချက်ညီညီ စနစ်တကျ ဖြည်းဖြည်းချင်း ထုတ်ယူပြီး အောက်ကိုလည်း မထိခိုက်ရအောင် ချပေးကြပါတယ်။ အဲ့ဒီဖြစ်စဉ်က ဘာကိုပြနေသလဲဆို ရှေးဟောင်းအမွေအနှစ်တွေကို ၁၀၀ ရာခိုင်နှုန်း မပျက်စီးအောင် ထုတ်ယူနိုင်ခဲ့တာပါပဲ။

အဲ့ဒီတော့ ဘာအကျိုးရှိခဲ့သလည်းဆို တောင်သမန်ကျောက်တော်ကြီးဘုရားရဲ့ သမိုင်းကျောက်စာပါအတိုင်း အမရပူရခေတ်လက်ရာ ရွှေဆင်းတုတော်နဲ့ ငွေဆင်းတုတော်တွေကို အတိအကျ စောင့်ရှောက်ခွင့်ရလိုက်စေခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အခုလို ဌာပနာဆင်းတုတော်တွေ ထုတ်ယူတာကို အသေးစိတ် ဘာကြောင့်များ ရေးသားတင်ပြရတာလည်းဆိုရင် အစားထိုးလို့မရတဲ့ အဖိုးတန်ရှေးဟောင်းအမွေအနှစ် ဖြစ်နေလို့ပါပဲ။ ထပ်ပြီး လေးနက်အောင် တင်ပြရင် အခြားသောအဖိုးတန်စိန်၊ ရွှေ၊ ငွေဆိုတာ တန်ဖိုးကြီးမားသော်လည်း ပုံတူအစားထိုးပဲဖြစ်ဖြစ်၊ အတုအပပဲဖြစ်ဖြစ် လုပ်လို့ရပါတယ်။ ဒါပေမဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းကတော့ ပုံတူအစားထိုးလို့မရသလို အတုအပဆိုတာလည်း တူအောင်လုပ်နိုင်ဖို့ မလွယ်ပါ။

တူခဲ့ရင်တောင်မှ အသွင်သဏ္ဍာန်ပဲ တူအောင်လုပ်လို့ရမယ်။ တန်ဖိုးကိုတော့ တူအောင်လုပ်လို့ လုံးဝမရပါ။ ရှေးဟောင်း အမွေအနှစ်ဆိုတာ အဲ့ဒီလောက်အထိ ရတနာထိုက်ပါတယ်။ တိုင်းပြည်ရဲ့ ရတနာ၊ လူမျိုးရဲ့ရတနာ၊ သမိုင်းရဲ့ ရတနာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း တန်ဖိုးထားစေချင်လို့ အခုလိုအသေးစိတ် ရေးသားတင်ပြနေရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စစ်ဆေးတွေ့ရှိလာတဲ့ ဌာပနာတွေထဲက ထူးခြားထင်ရှားပြီး ရှားပါးလက်ရာဆင်းတုတော်၊ ရုပ်တုတော်လေးများ အကြောင်းကို သုတေသနရှုထောင့်ကနေ စာရှုသူများ ဗဟုသုတတိုးပွားစေခြင်းအလို့ငှာ မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များလို့ ခေါင်းစဉ်ပေးပြီး အခန်းဆက် ဆောင်းပါးလေးများ ရေးသားတင်ပြခဲ့ပါတယ်။ အဲ့ဒီအခါ စာဖတ်သူများထံကနေ ကျွန်တော့် ဆောင်းပါးနဲ့ပတ်သက်ပြီး စိတ်ဝင်တစားနဲ့ ခေတ်ခွဲခြားပုံလေးကို မေးလာခဲ့ပါတယ်။

တကယ်တော့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို ခေတ်ကာလ ခွဲခြားသတ်မှတ်တယ်ဆိုတာ အလွန်အသေးစိတ်ပါတယ်။ နူးညံ့လွန်းတဲ့ အနုပညာတစ်ရပ်ဆိုရင်လည်း မမှားပါဘူး။ အခုခေတ်မှာ နည်းပညာတွေ သိပ်ကိုတိုးတက်ထွန်းကားနေတယ်ဆိုပေမယ့် ရေဒီယိုကာဗွန်လို နည်းပညာတွေနဲ့ စစ်ဆေးတာတောင်မှ ခေတ်ကာလအတိအကျ မသိနိုင်ဘဲ အနည်းဆုံး နှစ် ၅၀-၁၀၀ လောက် ကွာခြားမှု ရှိနိုင်ပါသေးတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဲ့ဒီလို တိုးတက်တဲ့ ခေတ်မီနည်းပညာသုံး စက်ကိရိယာတွေလည်း မရှိပါဘူး။ ဒီတော့ အတွေ့အကြုံနဲ့ လေ့လာသင်ယူမှုကိုပဲ အားကိုးပြီး ခေတ်ကာလပိုင်းခြားသတ်မှတ်ခြင်းကို ဆောင်ရွက်ရပါတယ်။ အမွေအနှစ်ပစ္စည်းတွေမှာ သက္ကရာဇ်ပါတဲ့ ကမ္ပည်းစာရေးထိုးပါရှိနေရင်တော့ မလိုဘူးပေါ့လေ။ အဲ့ဒီလို သက္ကရာဇ် ရေးထိုးပါရှိတဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းဆိုတာကလည်း ရှာမှရှားမို့ အားကိုးဖို့ရာ အကန့်အသတ်ရှိနေတယ်လေ။ ဆက်ပြောရရင် ဆက်စပ်လေ့လာနည်းနဲ့ ခေတ်ကာလခွဲခြားဖို့ရာ စာဖတ်ဖို့၊ သမိုင်းသိဖို့ကလည်း အရေးပါနေပါသေးတယ်။ ဥဒါဟရုဏ်ဆောင်လို့ တင်ပြပါ့မယ်။

ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတော်ကြီးကို ငါးမည်ရ ရွှေဘိုနယ်ကနေ အလောင်းမင်းတရားကြီးက မြန်မာသက္ကရာဇ် ၁၁၁၅ခုမှာ စတင်တည်ထောင်ခဲ့ပါတယ်။ သူဟာ မြန်မာပြည်တစ်လွှားကို သာမက ထိပါးနှောင့်ယှက်လာတဲ့ ယိုးဒယားတွေကိုတောင် တိုက်ခိုက်နှိမ်နင်းခဲ့ပါတယ်။ သို့သော် ရာသီဥတုနဲ့ ရောဂါဘယဘေးဒဏ်ကြောင့် ဒုတိယသားတော် ဆင်ဖြူရှင်မြေဒူးမင်း လက်ထက်ကျမှ အယုဒ္ဓယကို သိမ်းပိုက် အောင်မြင်ခဲ့ပါတယ်။ အဲ့ဒီအခါ ယိုးဒယားဆွေတော်မျိုးတော်များ အပါအဝင် နှုတ်မှု၊ လက်မှုအတတ်ပညာရှင်များနဲ့ သုံးလူများစွာကို ခေါ်ဆောင်ခဲ့ပါတယ်။ သူတို့ကို မကွေးဒေသကနေ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦး၊ ရေဦးတိုင်အောင် ရွာများစွာမှာ လူဦးရေအလိုက် လုပ်မြေစားမြေများ သတ်မှတ်ချထားပြီး ယနေ့ထက်တိုင် ချမ်းသာလွတ်လပ်စွာ နေထိုင်စေခဲ့ပါတယ်။

အဲ့ဒါကြောင့်မို့ ယိုးဒယားများ အခြေချနေထိုင်ခဲ့ရာ ရပ်ရွာများမှာ သူတို့ရဲ့ အနုပညာလက်ရာများကို အနည်းနဲ့အများ တွေ့နေရခြင်း ဖြစ်ပါတယ်။ အဲ့ဒီအထဲက စစ်ကိုင်းမြို့ ယိုးဒယားများ အခြေချ နေထိုင်ခဲ့ရာ ငါးထပ်ကြီးဘုရားအနီး လင်းဇင်းအရပ်က သိမ်တော်ကြီးထဲမှာ သူတို့ ယဉ်ကျေးမှု လက်ရာစစ်စစ် နံရံဆေးရေးများကို လေ့လာ တွေ့ရှိရပါတယ်။ သူတို့လက်ရာဟာ ကုန်းဘောင်ခေတ်ဦး မြန်မာ့နံရံဆေးရေးလက်ရာနဲ့ လုံးဝကွာခြားတာကို သာမန်လူတောင် သိနိုင်ပါတယ်။

ဆင်ဖြူရှင်မြေဒူးမင်းနောက်ပိုင်း ဆက်ခံကြတဲ့ အမရပူရခေတ်နဲ့ ရတနာပုံခေတ် ကာလများမှာလည်း ယိုးဒယားများဟာ မြန်မာတွေနဲ့ သွေးနှောလာတယ်ဆိုပေမယ့် အချို့အရာများကိုတော့ ထိန်းသိမ်းနိုင်ဆဲဖြစ်ပေမယ့် ကိုးကွယ်မှု တူညီနေတဲ့အတွက် ဘာသာရေးဆိုင်ရာ ဆင်းတုတော်၊ ရုပ်တုတော်များအနေနဲ့ မြန်မာဟန်မှာ ယိုးဒယားအငွေ့အသက်များကို ရောနှောလို့ တွေ့မြင်လာရပါတယ်။ ဒါကြောင့် အင်အားပြင်း မန္တလေးငလျင်ကြီးလှုပ်လိုက်လို့ ပြိုကျပျက်စီးခဲ့ရတဲ့ စေတီပုထိုးတွေထဲက ထွက်ပေါ်လာတဲ့ ချိတ်မြေခံ ခေါင်းပွ ရွှေ၊ ငွေ ဆင်းတုတော်များကို တွေ့လိုက်တော့ စစ်ကိုင်းက ယိုးဒယားသိမ်တော်ကြီးထဲမှာ ရေးဆွဲထားတဲ့ ယိုးဒယားဆင်းတုတော်တွေရဲ့ ဟန်ပန်အချိုးအစားနဲ့ မွမ်းမံမှုတွေကိုပါ နှိုင်းယှဉ်လေ့လာပြီး တစ်စပ်တည်း လေ့လာတင်ပြလိုက်ရပါတယ်။

ဒီနေရာမှာ သမိုင်းကြောင်းလည်းသိတယ် လက်တွေ့လေ့လာမှုလည်းရှိတယ်ဆိုတော့ တွေ့ရှိလာတဲ့ ဌာပနာဆင်းတုတော်တွေကို ခေတ်ကာလခွဲခြားသတ်မှတ်ရာမှာ များစွာထိရောက်ပြီပေါ့။ စာရှုသူများအတွက် လက်တွေ့လေ့လာနိုင်အောင်လို့ စစ်ကိုင်း ယိုးဒယားသိမ်တော်ကြီးထဲက ယိုးဒယားနံရံဆေးရေးပါ ဆင်းတုတော်နဲ့ အမရပူရ တောင်သမန်ကျောက်တော်ကြီး လိုဏ်ဘုရားထဲက ထွက်ပေါ်တွေ့ရှိရတဲ့ ဆင်းတုတော်ကို သုသေတသန ရှုထောင့်ကနေ နှိုင်းယှဉ်တင်ပြပေးလိုက်ပါတယ်။

ဆင်းတုတော်ကို သေချာကြည့်ရင် သမိုင်းတစ်လျှောက် ပြောင်းလဲဖြစ်တည်ခဲ့တဲ့ မြန်မာ့ဟန် အမွှမ်းပန်းပုံစံကနေ သီသာစွာ ကွဲထွက်နေတဲ့ အချက် နှစ်ချက်ကို တွေ့ရပါတယ်။ အဲ့ဒီအချက်များကို သမိုင်းနဲ့ချိန်ထိုးကြည့်လိုက်ရင် ယိုးဒယားဟန် ဖြစ်နေတယ်ဆိုတာ ကွင်းကွင်းကွက်ကွက် တွေ့ရမှာဖြစ်ပါတယ်။ သိသာစွာ ကွဲထွက်လာတဲ့ ယိုးဒယားအမွှမ်းပန်းဟန် ပထမအချက်ကတော့ နောက်ခံတံကဲပုံစံဟာ ညောင်ရွက်ကို အခြေခံထားတဲ့ ပန်းခက်ပန်းနွယ်ပုံ ဖြစ်နေပါတယ်။ ဒုတိယအချက်ကတော့ ပလ္လင်တော်က စိန်တောင်နဲ့ ရာဇမတ်ကွက် အမွှမ်းပန်းပုံစံများ ဖြစ်ပါတယ်။

မြန်မာပလ္လင်ဟန်မှာ အလယ်က ဖောင်းတန်းခံပြီး ကြာလှန်ကြာမှောက်ကိုသာ ထက်အောက်ထည့် လေ့ရှိခဲ့တာပါ။ အသေးစိတ်အချက်အလက်တွေသာ နှိုင်းယှဉ်ဖော်ပြရရင် စာလေးကြီး ဖြစ်နေမှာစိုးလို့ သာမန်စာရှုသူ နားလည်လွယ်အောင် တင်ပြလိုက်ရပါကြောင်း။

**ကျမ်းညွှန်း - လက်တွေ့ကွင်းဆင်းလေ့လာတွေ့ရှိချက်များ**

**ရက္ခိတ(ရှေး/သု)**

## စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့ စာဖတ်ဝိုင်း ကျင်းပ



**သရက် စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း Book Club စာဖတ်ဝိုင်းကျင်းပရာ စာရေးဆရာ ချစ်စံဝင်း လမင်းအိမ် ရေးသားသည့် 'နှလုံးသားသတ္တိ' စာအုပ်အား ယမန်နေ့ နံနက် ၉ နာရီခွဲက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ စာဖတ်ဝိုင်း ကျင်းပဆောင်ရွက်သည်။

အဆိုပါစာဖတ်ဝိုင်းတွင် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း Book Club ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက စာဖတ်ဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် လစဉ်စာဖတ်ဝိုင်းပြုလုပ်သည့် အကျိုးကျေးဇူးများ၊ လူငယ်များကို စာဖတ်ခြင်းနှင့် ဆွေးနွေးမှုများကိုသိရှိပြီး အလေ့အကျင့်ကောင်းများ မွေးမြူပေးကြဖို့လိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ ချစ်စံဝင်း လမင်းအိမ် ရေးသားသည့် 'နှလုံးသား မေတ္တာ' စာအုပ်အား တက်ရောက်လာကြသည့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများက အခန်းလိုက် တစ်ဦးချင်းမှ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်အတွေးများ၊ စာရေးဆရာ၏ စာဖတ်သူများကို ပေးချင်တဲ့ ဗဟုသုတများ၊ စာပေအလင်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀-၀

## ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ လှူဒါန်း

**မင်းဘူး စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ယနေ့ခေတ် ကျောင်းသားလူငယ်များ စာအုပ်စာပေများကို ဖတ်ရှုလေ့လာနိုင်စေရန်နှင့် စာပေဖတ်ရှုခြင်းအားဖြင့် အသိဉာဏ်ပညာဗဟုသုတများ တိုးတက်လာစေရန် မင်းဘူးမြို့နှင့် စကုမြို့တို့မှ အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက အဆိုပါ ကျောင်းများ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများက မင်းဘူးမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စကုမြို့ရှိ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းစာကြည့်တိုက်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု၊ စာကြည့်တိုက်အတွင်း စာအုပ်စာရင်း၊ စာငှားမှတ်တမ်းနှင့် စာအုပ်၊ စာစောင်များ ခင်းကျင်းပြသထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများက သုတ၊ ရသ စာအုပ်၊ စာပေများ ဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ကျောင်းစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသာမက သုတ၊ ရသ စာအုပ်၊ စာစောင်များ တိုးပွားရရှိစေရေးနှင့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုပါ ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဆိုပါအထက်တန်းကျောင်းများရှိ ကျောင်းစာကြည့်တိုက်များအတွက် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ သုတ၊ ရသ စာအုပ်စုစုပေါင်း ၁၄၀ ကိုသက်ဆိုင်ရာ ကျောင်းအုပ် ဆရာ၊ ဆရာမများနှင့် စာကြည့်တိုက်မှူးများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မောင်မောင်(မင်းဘူး)**



## မိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်း

**မန္တလေး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘုန်းတော်ကြီး အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများကို အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက မိုဘိုင်းရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။ (အောက်ပုံ)

အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် ရွေ့လျားစာကြည့်တိုက်ယာဉ်ရှိ သုတ၊ ရသ စာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့လဲလှယ်ပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား လေ့လာဖတ်ရှုစေခဲ့ပြီး အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

ထိုစာအုပ်စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**အောင်ဖြိုးစင် (ခရိုင်၊ ပြန်/ဆက်)**



## ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့မန္တလေး

## လေ့လော့ပြိုင်ပွဲ တို့ဆင်နွှဲ

* ဝသန်အခါ တော်သလင်း
တို့သွေးချင်းညီနောင်တွေ။
လေ့သဘင် ဆင်ယင်အထူး
ကြည်နူးပါလေ။

* မဟောတမ်း လော်ခတ်နေ
စုံလင်ပေ အသင်းများ။
ပန်းတိုင်ဆီ အရောက်လှမ်းလို့
ကြိုးပမ်းစေသား။

* ပန်းရင်းမှာ ပွင့်ဝေထား
လမြတ်ကား အမှန်ပေ။
ကန်ရာသီ တော်သလင်း
ကြိုင်သင်းကာနေ။

* ခူးဆွတ်ကြ ငါတို့တွေ
လှူဒါန်းလေ မြတ်ဘုရား။
ရင်ထဲဝယ် သဒ္ဓါပန်းတို့
ပွင့်လန်းစေသား။

* ကန်ရာသီ တော်သလင်းကား
ကျင်းပထား တို့ပြည်ရွာ။
ကမ္ဘာဝယ် မြန်မာအလှ
သိကြလျက်သာ။

* လေ့လော့ပြိုင်ပွဲ အစဉ်အလာ
ဆင်နွှဲကာ မပျောက်ပျက်ရေး။
တို့တစ်တွေ လက်ဆင့်ကမ်းလို့
(အိုကွယ်)
ကြိုးပမ်းကြလေး။ ။

ဇဂျမ်းရွာကျောင်းအိုသား

တံတားနှင့်လမ်း၊
ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်
သစ်ပင်ရုံမှ
သဏ္ဌာန်လှပ
ပန်းရလိမ့်။



**ကြော်ငြာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၄၈/ရေကြည်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၆၄/၃)၊ ဧရိယာ(၀ ဒသမ ၁၁)ဧကရှိ မြေနေရာအား ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်အမည်ဖြင့် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၂၀၅/၂၀၂၃-၂၀၂၄)၊ ဂရန်စာချုပ်အမှတ်(၂၉၃/၂၀၂၃-၂၀၂၄)အရ (၁၁-၃-၂၀၂၄)ရက်မှ (၂၄-၄-၂၀၄၆)ရက်အထိ နှစ်(၃၀)မြေငှားဂရန်အား (မူလသက်တမ်းအတိုင်း)ရရှိခဲ့ပြီး ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်၏ တာဝန်ခံလက်မှတ်ရေးထိုးသူ ဦးအောင်ကိုဇော်ထံမှ ဦးအောင်အောင်စံသည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၁၁၃/၂၀၂၆)အရ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ခဲ့သည့် အဆိုပါမြေဧရိယာ(၀ ဒသမ ၁၁)ဧကအား ဦးအောင်အောင်စံ(၁၃/ကမန(ဧည့်)၀၀၀၉၃၅)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

**ကြော်ငြာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၄၈/ရေကြည်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၈၂/၉)၊ ဧရိယာ(၀ ဒသမ ၀၈၃)ဧကရှိ မြေနေရာအား ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်အမည်ဖြင့် အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၂၆၉/၂၀၂၃-၂၀၂၄)၊ ဂရန်စာချုပ်အမှတ်(၃၈/၂၀၂၄-၂၀၂၅)အရ (၂၃-၄-၂၀၂၄)ရက်မှ (၂၄-၄-၂၀၄၆)ရက်အထိ နှစ်(၃၀)မြေငှားဂရန်အား (မူလသက်တမ်းအတိုင်း)ရရှိခဲ့ပြီး ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်၏ တာဝန်ခံလက်မှတ်ရေးထိုးသူ ဦးအောင်ကိုဇော်ထံမှ ဒေါ်စောကလျာဆွေသည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၀၄၁/၂၀၂၆)အရ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ခဲ့သည့် အဆိုပါမြေဧရိယာ(၀ ဒသမ ၀၈၃)ဧကအား ဒေါ်စောကလျာဆွေ(၉/မရမ(နိုင်)၀၆၇၄၉၂)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

**ကြော်ငြာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၅၉က/အုန်းချောအရှေ့ကွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၈၇/၉၄)၊ ဧရိယာ(၀ ဒသမ ၁၁၂)ဧကရှိ မြေနေရာအား ဦးချစ်ပေါ် အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၂၄၃/၁၉၉၆-၁၉၉၇)၊ (၁၃-၁-၁၉၉၇)ရက်မှ (၁၄-၁-၂၀၂၇)ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးချစ်ပေါ်(၁၃/ရစန(နိုင်)၀၀၁၆၇၁)အမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

**ကြော်ငြာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မနောယျမကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၅၆/မနောယျမတောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၃၃)၊ ဧရိယာ(၁ ဒသမ ၉၇၈)ဧကရှိ မြေနေရာအား မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တောဂရန်အမှုတွဲအမှတ်(၁၂၅/၂၀၁၅-၂၀၁၆)အရ (၅-၅-၂၀၁၆)ရက်မှ (၄-၅-၂၀၂၆)ရက်အထိ ဒေါ်စိန်သီ ပါ(၃)ဦး အမည်ဖြင့် (၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဒေါ်စိန်သီ(၉/မထလ(နိုင်)၀၅၁၉၁၃)၊ ဦးရန်နိုင်(၉/အမဇ(ပြု)၀၀၀၂၃၅)၊ ဦးသန်းဝင်း(၉/မထလ(ပြု)၀၀၀၀၀၁)အမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

**ကြော်ငြာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၂၅/လက်ကောင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂/၁/၁)၊ ဧရိယာ(၁ ဒသမ ၀၀)ဧကရှိ မြေနေရာအား ဦးအယ်လ်ယောင်ထန်အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၃၀/၂၀၁၇-၂၀၁၈)၊ ဂရန်စာချုပ်အမှတ်(၁၃/၂၀၁၈-၂၀၁၉)အရ လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင်နှင့် သိုနှံဂိုထောင်ဆောက်လုပ်ရန်မြေနေရာအဖြစ် (၂၇-၆-၂၀၁၈)ရက်မှ (၂၆-၆-၂၀၂၈)ရက်အထိ (၁၀)နှစ် စက်မှု/စီးပွားမြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါ မြေဧရိယာ(၁ ဒသမ ၀၀)ဧကအနက်မှ ဧရိယာ(၀ ဒသမ ၄၀)ဧကအား ဦးအယ်လ်ယောင်ထန်(၁/ကမန(နိုင်)၀၀၅၄၁၅)၏ အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခြင်းခံရသူ ဦးမြင့်သူ(၉/ပကခ(နိုင်)၀၀၀၁၂၃)ထံမှ ဦးကျော်မိုးလွင်၊ ဒေါ်ဆန်းဌွေးတို့ (၂)ဦးသည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းရုံး၌ စာချုပ်အမှတ်(၀၃၄/၂၀၂၆)အရ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးကျော်မိုးလွင်(၅/ထခန(နိုင်)၀၄၉၀၂၄)၊ ဒေါ်ဆန်းဌွေး(၁/မညန(နိုင်)၁၂၈၃၁၅)တို့ (၂)ဦး အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ခွင့်ပြုချထားပေးပါရန် ဦးကျော်မိုးလွင်(၅/ထခန(နိုင်)၀၄၉၀၂၄)၊ ဒေါ်ဆန်းဌွေး(၁/မညန(နိုင်)၁၂၈၃၁၅)တို့ (၂)ဦးမှ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

**ကြော်ငြာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ ရန်ကင်းသာယာ(က)ရပ်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(က/၂၃၉)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကအား ဦးအောင်ခင်(ခ)ဘဂဝမ်ဒတ်စ် အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်စာချုပ်အမှတ်(၉၂၆/၁၉၉၀-၁၉၉၁)အရ (၁-၆-၁၉၉၀)ရက်မှ (၁၄-၆-၂၀၂၀)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဦးအောင်ခင်(ခ)ဘဂဝမ်ဒတ်စ်မှာ ကွယ်လွန်သွားခဲ့ပြီးဖြစ်သည့်အတွက် အဆိုပါမြေဧရိယာ(၁ ဒသမ ၀၅၅)ဧကအား ပုသိမ်ကြီးမြို့နယ်တရားရုံး၌ သားသမီးများဖြစ်သည့် ဦးဘေဒ်ပရာကားရှ်၊ ဒေါ်ဂါယတြီး၊ ဦးအောင်မြင့်၊ ဒေါ်ယုယုသိန်း၊ ဦးကျော်ဟိန်းတို့မှ ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာတမ်း(၆၈/၂၀၂၅)ဖြင့် စာချုပ် ချုပ်ဆိုရရှိခဲ့သည့် အဆိုပါမြေဧရိယာ(၀ ဒသမ ၀၅၅)ဧကအား ဦးဘေဒ်ပရာကားရှ်(၉/ပသက(နိုင်)၀၀၅၀၇၂)၊ ဒေါ်ဂါယတြီး(၉/ပသက(နိုင်)၀၀၅၀၇၁)၊ ဦးအောင်မြင့်(၉/ပသက(နိုင်)၀၆၄၈၆၉)၊ ဒေါ်ယုယုသိန်း(၉/ပသက(နိုင်)၀၇၅၁၉၁)၊ ဦးကျော်ဟိန်း(၉/ပသက(နိုင်)၀၆၄၈၇၀) အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်နံပါတ်(၃၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးမြသင်း အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဇင်နောင်(ဘ)ဦးဝင်းရွှေ(၈/ပခက(နိုင်)၂၈၀၁၃၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၆)၊ ဦးပိုင်နံပါတ်(၃၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ယဉ်ယဉ်ထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဝင်းထူး(ဘ)ဦးမောင်မောင်(၉/မရတ(နိုင်)၁၂၂၈၇၂) [၎င်း၏ကိုယ်စား ဦးကျန်းသိန်းမြင့်(ဘ)ဦးကျန်းချိန်ချန်း(၁၃/ကခန(နိုင်)၀၆၁၂၆၂)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဦးဖြိုးသာခန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ ဦးပိုင်နံပါတ်(၉ ၃/၇ E)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးညွန့်မောင်နှင့် ဦးထွန်းမြင့်ဦးတို့အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့်(ဘ)ဦးသန်းမောင်(၁/ရကန(နိုင်)၀၁၉၅၅၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၉)၊ ဦးပိုင်နံပါတ်(၉၅ ၃/၇ E)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးဇော်လင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သူဇာဝင်းရွှေ(ဘ)ဦးတင်ရွှေ(၉/မရမ(နိုင်)၀၈၆၆၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

**ကြော်ငြာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၄၈/ရေကြည်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၈၅/၁/၁)၊ ဧရိယာ(၀ ဒသမ ၁၀၆)ဧကရှိ မြေနေရာအား ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်အမည်ဖြင့် အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၂၈၃/၂၀၂၄-၂၀၂၅)၊ ဂရန်စာချုပ်အမှတ်(၂၇၆/၂၀၂၄-၂၀၂၅)အရ (၃-၁၂-၂၀၂၄)ရက်မှ (၂၄-၄-၂၀၄၆)ရက်အထိ နှစ်(၃၀)မြေငှားဂရန် ဦးပိုင်ခွဲအား (မူလသက်တမ်းအတိုင်း)ရရှိခဲ့ပြီး ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်၏ တာဝန်ခံလက်မှတ်ရေးထိုးသူ ဦးအောင်ကိုဇော်ထံမှ ဦးစိုးမင်းလတ်နှင့် ဒေါ်ခင်ချိုသက်တို့(၂)ဦးသည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၀၅၁/၂၀၂၆)အရ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ခဲ့သည့် အဆိုပါမြေဧရိယာ(၀ ဒသမ ၁၀၆)ဧကအား ဦးစိုးမင်းလတ်(၁၀/မလမ(နိုင်)၀၀၂၃၇၆)နှင့် ဒေါ်ခင်ချိုလတ်(၉/မနတ(နိုင်)၀၉၇၁၃၉)တို့(၂)ဦး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၇)၊ ဦးပိုင်နံပါတ်(၁၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးကျော်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း ပေ(၁၈×၄၀)နှင့်ကပ်လျက် မြောက်ဘက်ပိုင်း ပေ(၁၂×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လွေးအေသန္တာအောင်(ဘ)ဦးယိုင်မွန်း(၁၃/ကခန(နိုင်)၀၈၃၂၅၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၂)၊ ဦးပိုင်နံပါတ်(၁၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးအေးကို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထံမှ မြောက်ဘက်ပိုင်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဖြိုးသဥ္ဇာလွင်(ဘ)ဦးကျော်စွာလွင်(၉/ခမစ(နိုင်)၀၇၁၂၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၁)၊ ဦးပိုင်နံပါတ်(၈၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၄၆)ဧက အကျယ်အဝန်းရှိ ဒေါ်တင်မာ၊ ဒေါ်တင်မာကြည်နှင့် ဦးခင်မောင်အေးတို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၀ ဒသမ ၀၁၂၃)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဝင်းဇော်(ဘ)ဦးမြမောင်(၉/မဟမ(နိုင်)၀၀၁၉၇၄)နှင့် ဒေါ်လှိုင်မင်းစု(ဘ)ဦးကြိုင်(၉/မနမ(နိုင်)၁၁၇၈၁၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ သည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ ဒေါ်ကောင်းစုဝမ်း (LL.B) အထက်တန်းရှေ့နေ ဒေါ်မေစင်ဖြိုး (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၇)၊ ဦးပိုင်အမှတ်(၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ကမ်းလှမ်းရောင်းချသူ ဒေါ်ဇင်မာလင်း(ဘ)ဦးမောင်မောင်(၅/စကန(နိုင်)၀၈၇၆၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးရွှေအောင် (ဥပဒေတွဲ) တရားလွှတ်တော်ရှေ့နေ ဦးလှဝေ (B.A, H.G.P) အထက်တန်းရှေ့နေ ဦးနိုင်လင်း (LL.B) တရားလွှတ်တော်ရှေ့နေ ဦးအောင်ဇော်မြင့် (LL.B) တရားလွှတ်တော်ရှေ့နေ**

**ဦးမင်းချစ်သူ (LL.B) အထက်တန်းရှေ့နေ ဒေါ်စာခြည်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ပြုံးဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

အကွက်(နန-၃၀/၁)၊ (၈)ရပ်ကွက်၊ ၅၅လမ်းနှင့် မင်္ဂလာလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၂၆၈၀၈၅၈၁၊ ၀၉-၇၉၇၄၉၀၆၁၀

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၀၃/ရန်ကင်းတောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၈၀/၅)၊ ဧရိယာ(၀ ဒသမ ၃၂)ဧကရှိ မြေနေရာအား ဦးစိုင်းထွန်းအောင် အမည်ဖြင့် မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၅/၂၀၁၃-၂၀၁၄)၊ ဂရန်စာချုပ်အမှတ်(၉/၂၀၁၄-၂၀၁၅)အရ (၂၅-၄-၂၀၁၄)ရက်မှ (၂၄-၄-၂၀၄၄)ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါမြေဧရိယာ(၀ ဒသမ ၃၂)ဧကအား ဦးသန့်လွင်ဝင်းမှ ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၀၉၄/၂၀၂၅)အရ အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပြီး ဦးသန့်လွင်ဝင်းထံမှ ဒေါ်စောသန္တာအောင်သည် မြေဧရိယာ(၀ ဒသမ ၃၂)ဧကအနက် (၀ ဒသမ ၀၉၉)ဧကရှိ မြေနေရာအား ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်စောသန္တာအောင်(၉/ပသက(နိုင်)၀၇၇၂၇၉) အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေ အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၉)၊ ဦးပိုင်အမှတ်(၁၇)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်စန်းစန်း အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏ (တောင်ဘက်ခြမ်း)၊ အရှေ့အနောက် ပေ(၆၀)၊ တောင်မြောက် ပေ(၂၀) အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးထွန်းလင်း(ဘ)ဦးအောင်မင်း(၉/မနမ(နိုင်)၀၈၄၂၂၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင် (LL.B)**

**(အထက်တန်းရှေ့နေများ)**

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃)၊ ဦးပိုင်အမှတ်(၃၁)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်ခင်မျိုးသန့် အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (အလယ်ခြမ်း)၊ အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် (၂၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော (၁)ဒေါ်ရည်ရည်မြင့်(ခ)ဒေါ်ရီရီမြင့်(ဘ)ဦးမြင့်ဖေ(၁/ဗမန(နိုင်)၀၀၄၀၇၅)ကိုင်ဆောင်သူနှင့် (၂)ဒေါ်သီရိအောင်(ဘ)ဦးကျော်ထွန်း(၁၂/သဃက(နိုင်)၁၇၂၆၄၃)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင် (LL.B)**

**(အထက်တန်းရှေ့နေများ)**

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမြဝင်း အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ မြောက်ဘက်အစွန်ဆုံးအခြမ်း ပေ(၁၅×၄၀)နှင့် ကပ်လျက် တောင်ဘက်ပိုင်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ကျောက်ပြားကာ (၂)ထပ် အဆောက်အဦး အပါအဝင် နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်လွေးအေသန္တာအောင်(ဘ)ဦးယိုင်နွန်း(၁၃/ကခန(နိုင်)၀၈၃၂၅၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်ရွှေမန်းထွေး(ဘ)ဦးသိန်းလှ(၅/ရဘန(နိုင်)၁၄၁၁၅၅)မှ ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်စံစံဖြိုးဝေ (LL.B , D.B.L , D.I.L) (တရားလွှတ်တော်ရှေ့နေ)**

**(ဏ-၄/၅၈)၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ၆၃(B)လမ်း၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၆၂၄၈၉၉၉၊ ၀၉-၇၉၇၂၃၆၁၆၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဆင်လမ်းရွာ၊ ကရင်စု၊ ကွင်းအမည်(၆၇၀/၇၅၃)၊ ဦးပိုင်အမှတ်(၃၁/၂)၊ ဧရိယာ မျက်နှာစာ ပေ(၅၀)၊ နောက်ကျော (၇၅)ပေ၊ ဘေးနှစ်ဖက်(၂၃၂ပေ×၂၁၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်၊ အခွင့်အရေး အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်အား လွှဲပြောင်းပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်နှင်းဝင့်လွင်(၉/ပဥလ(နိုင်)၀၁၈၁၃၅)ကိုင်ဆောင်သူမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးကျိုဂျင်သရာ(၉/ပဥလ(နိုင်)၀၂၃၁၉၃)ကိုင်ဆောင်သူအား (၅-၉-၂၀၂၅)ရက်စွဲဖြင့် လွှဲပြောင်းစာချုပ်ဖြင့် အိမ်(ရေ+မီး)မီတာ လွှဲပြောင်းပေးအပ်ခဲ့ပြီး ယခုလက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်စံစံဖြိုးဝေ (LL.B , D.B.L , D.I.L) (တရားလွှတ်တော်ရှေ့နေ)**

**(ဏ-၄/၅၈)၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ၆၃(B)လမ်း၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၆၂၄၈၉၉၉၊ ၀၉-၇၉၇၂၃၆၁၆၂**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေး၊ နိုင်ငံတော်အတွက် လိုအပ်သည့် နည်းပညာများ အထောက်အကူပြုနိုင်ရေးတို့အတွက် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယမန်နေ့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံဆွေးနွေးသည်။

တက္ကသိုလ်များအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်နားလည်တတ်မြောက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန် နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းများ အသုံးပြုနေမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တက္ကသိုလ်၏ သင်ကြားသင်ယူမှု လုပ်ငန်းများ ပိုမို ထိရောက်စေရန်အတွက် ဒီဂျစ်တယ် အသွင်ကူးပြောင်းမှု လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သင်ကြားသင်ယူမှု ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်စေရေးအတွက် ဆောင်ရွက်နေမှု၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Master Plan များ ရေးဆွဲ၍ တက္ကသိုလ်ဥပမိရပ် ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာအသင်းမှ အမျိုးသမီးတစ်ဦးချင်း Teqball Women's Single ပြိုင်ပွဲတွင် ခင်နှင်းဝေနှင့် အမျိုးသမီးနှစ်ယောက်တွဲ Teqball Women's Doubles ပြိုင်ပွဲတွင် ဆုမွန်အောင်နှင့် ဖြူဖြူသန်းအတွဲ ဗိုလ်လုပွဲသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့ (Nagoya City Higashi Sports Center)တွင် ကျင်းပပြုလုပ်လျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် တက်ဂ်ဘောအသင်းမှ နည်းပြနှစ်ဦးနှင့် အားကစားသမား လေးဦးတို့သည် အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

စာမျက်နှာ ၅ သို့ ❂




အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘော နှစ်ယောက်တွဲပြိုင်ပွဲတွင် ဆုမွန်အောင်နှင့် ဖြူဖြူသန်းအတွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့" အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၁) MICC-1 ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်၍ MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV News Channel၊ MRTV Farmers' Channel၊ MRTV NRC Channel နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM ၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM ၊ သဇင် FM နှင့် Star FM တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## ပရီးမီးယားလိဂ်ပွဲစဉ်(၅)တွင် အက်စတွန်ဗီလာ၊ ဘရိုက်တန်၊ အဲဗာတန်၊ နယူးကာဆယ်၊ ကိုဗင်ထရီတို့ အသီးသီး နိုင်ပွဲကိုယ်စီရယူ

**လန်ဒန် စက်တင်ဘာ ၁၉**

ပရီးမီးယားလိဂ်ပွဲစဉ်(၅)တွင် အက်စတွန်ဗီလာ၊ ဘရိုက်တန်၊ အဲဗာတန်၊ နယူးကာဆယ်တို့ အသီးသီး နိုင်ပွဲ ကိုယ်စီရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီက အက်စတွန်ဗီလာအသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်စတွန်ဗီလာအသင်းက စပါးအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



အက်စတွန်ဗီလာအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် (၄၅+၄)မိနစ်တွင် မန်ဇမ်ဘီ၊ ပွဲချိန် ၆၇မိနစ်တွင် ဂျက်ဆန်၊ ပွဲချိန် ၇၉မိနစ်တွင် ဘွန်းဒီယာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီခွဲက ဘရိုက်တန်အသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရိုက်တန်အသင်းက အာဆင်နယ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် နိုင်ပွဲရယူခဲ့သည်။

ဘရိုက်တန်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၁မိနစ်တွင် ပါစကယ်ဂရော့ဘ်၊ ပွဲချိန် ၄၅မိနစ်တွင် ကိုစတူလပ်စ်၊ ပွဲချိန် ၅၇မိနစ်တွင် အန်ဒရက်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ အဲဗာတန်အသင်းနှင့် အစ်ဆွစ်ချ်အသင်းတို့ပွဲစဉ်တွင်လည်း အဲဗာတန်အသင်းက အစ်ဆွစ်ချ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ နယူးကာဆယ်အသင်းက ဟားလ်စီးတီး အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး နိုင်ပွဲရရှိခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီက ကိုဗင်ထရီအသင်းနှင့် နော်တင်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကိုဗင်ထရီအသင်းက နော်တင်ဟမ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကိုဗင်ထရီအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅၅မိနစ်တွင် ဒါဆီလ်ဗာတို့က သွင်းယူပေးခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၅) ယှဉ်ပြိုင်ကစားအပြီးတွင် ဘရိုက်တန်အသင်းက ရမှတ် ၁၀မှတ်၊ အဲဗာတန်အသင်းက ရမှတ် ကိုးမှတ်၊ နယူးကာဆယ်အသင်းက ရမှတ် ရှစ်မှတ်၊ အက်စတွန်ဗီလာအသင်းက ရမှတ် လေးမှတ်၊ ကိုဗင်ထရီအသင်းက ရမှတ် သုံးမှတ်တို့ ရရှိထားသည်။

(NGB)